မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လကွယ်နေ့၊ ၂၀၀၇ ခုနှစ်၊ မေ ၁၅ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၆)၊ အမှတ်(၂၂၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တောက်ပြိုချောင်းပေါ်၌ တောက်ပြိုရေလှောင်တမံ တည်ဆောက်ထား

မိုးစပါးနှင့် နွေစပါးစိုက်ဧက ၄၀၀ ခန့် တိုးချဲ့ စိုက်ပျိုးနိုင်မည်

နေပြည်တော်ဒေသ ကြံစိုက်ဧက လျာထားချက်ပြည့်မီအောင် တိုးချဲ့စိုက်ပျိုး

နေပြည်တော် မေ ၁၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်သည် နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်အတူ မေ ၁၃ ရက် ညနေ ၃ နာရီတွင် တောင်ညိုတပ်နယ်ရှိ ဆင်းရွှေလီကြံစံပြစိုက်ကွင်းသို့ ရောက်ရှိလာရာ ကွင်းအမှတ်(၁) စီမံကိန်း ရှင်းလင်းဆောင်၌ နယ်မြေခံတပ်မှူး ဗိုလ်မှူးကြီးတင်အောင်မြင့်က ဆင်းရွှေလီကြံ၏ ထူးခြားချက်များ၊ စံပြစိုက်ကွင်း တိုးတက်မှုအခြေအနေများနှင့် ဆက်လက်တိုးချဲ့စိုက်ပျိုးမည့် လျာထားချက်များကို ရှင်းလင်းတင်ပြသည်။

မျိုးကောင်းမျိုးသန့်ရွေးချယ်

ထို့နောက် ဗိုလ်ချုပ်မြင့်လှိုင်က နေပြည်တော်ဒေသသည် ယခင်က ကြံအလွန်ထွက်ရှိသည့် ဒေသဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က သကြားစက်ကြီး လေးစက်အထိ တည်ထောင်ပေးခဲ့ကြောင်း၊ ယခုအခါ ကြံအထွက်နှုန်းနည်းလာပြီး ကြံစိုက်ပျိုးမှု ပမာဏလျော့ကျသွားကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ရှိသူများဘက်က လိုအပ်သည့်မျိုးကောင်းမျိုးသန့်များ ရွေးချယ်ပေးပြီး စိုက်ပျိုးနည်းစနစ်တို့ကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ယခုစမ်းသပ်စိုက်ပျိုးသည့် ဆင်းရွှေလီကြံသည် တစ်ဧက ပျမ်းမျှတန် ၅၀ ကျော်ထွက်သည့်အတွက် ဆင်းရွှေလီကြံစိုက်ခင်းများမှ မျိုးယူ၍ နောင်နှစ်များတွင် တိုးချဲ့စိုက်ပျိုးသွားရန်လိုကြောင်း စသည်ဖြင့် အကျယ်တဝင့် မှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✻

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်နှင့် နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်တို့ တောင်ညိုတပ်နယ်ရှိ ဆင်းရွှေလီ ကြံစံပြစိုက်ကွင်းကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

သွင်းကုန်ထုတ်ကုန်ပစ္စည်းများ ကြန့်ကြာမှုမရှိစေရေး ဆောင်ရွက်

ဆိပ်ကမ်းလုပ်ငန်းများ မှန်ကန်ချောမွေ့စေရေး ဂရုစိုက်

သတ်မှတ်ချိန်အတွင်း လုပ်ငန်းများဆောလျင်စွာပြီးစီးရေး စွမ်းဆောင်

ရန်ကုန် မေ ၁၄

ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန် မြန်ဆန်စေရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေး ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ကော်မတီဝင်များ၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အမှတ်(၃) ဗိုလ်အောင်ကျော်တံတား ကုန်သေတ္တာစခန်းရှိ သွင်းကုန်နှင့် ထုတ်ကုန်ပစ္စည်းများကို စစ်ဆေးရေးအဖွဲ့များဖြင့် ဖွင့်ဖောက်စစ်ဆေးနေမှု၊ ကုန်သေတ္တာများအား X-Ray စက်များဖြင့် စစ်ဆေးနေမှု

စာမျက်နှာ ၅ ကော်လံ ၁ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်းက ထောင်သည်
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မေလ ၁၅ ရက်)

ရေယာဉ်များ လုံခြုံစွာ ခုတ်မောင်းသွားလာနိုင်ရေး သတိပေးနှိုးဆော်ချက်များ လိုက်နာဆောင်ရွက်

မိုးဦးကာလတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် မြစ်ရေ၊ ချောင်းရေများ မြင့်တက်လေ့ရှိသည်။ မြစ်ရေများ မြင့်တက်လာမှုကြောင့် ရေနည်းချိန်ကာလများတွင်ရှိသော သဲသောင်များ၊ ကျွန်းများ ရေမြုပ်၍ ရေမြှုပ်ပေါ်က်ဖြတ်လမ်းများ ဖြစ်ပေါ်လာတတ်သည်။

ရေများချိန်ကာလ၌ ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများ ဖြစ်ပေါ်လေ့ရှိသည်။ ရေယာဉ်များသည် ရေအနက် မလုံလောက်သည့် ရေမြှုပ်ပေါ်က်ဖြတ်လမ်းများအား အသုံးပြုခုတ်မောင်းခြင်း မပြုကြရန်နှင့် သတ်မှတ်ရေလမ်းအတိုင်း ရေယာဉ်စက်အားနှင့် ရေစီးအားကိုချင့်ချိန်၍ ဂရုပြုမောင်းနှင်ကြရန် လိုအပ်သည်။

မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင် အဝင်လမ်းကြောင်းများတွင် ရေယာဉ်များဝင်ရောက်ရမည့် အပေါက်၌ အစိမ်းရောင်တြိဂံ အမှတ်အသား ပြသထားသည်။ အနီရောင်ကြက်ခြေခတ်အမှတ်သည် မဝင်ရသည့် အပေါက်ဖြစ်သည်။ ရေလယ်တိုင်အုတ်ခုံများ ရေမြုပ်နေပါက တံတားပေါ်မှ အနီရောင်မြားဖြင့် ပြသထားသည်။

ရေများချိန်တွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေမည်ဖြစ်သည်။ ရေစီးသန်သဖြင့် ရေယာဉ်များ မြစ်ကူးတံတားကြီးများသို့ ဝင်ရောက်ဖြတ်သန်းရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်ပြီး လမ်းကြောင်းမှန်ရယူ၍ ဖြတ်သန်းကြရမည်ဖြစ်သည်။ ရေဒဏ်၊ လေဒဏ်၊ မိုးဒဏ်ကြောင့် စိုက်ထူပြသထားသော အမှတ်အသားများ ပျက်စီးနိုင်သောကြောင့် ရေယာဉ်များ သတိပြုမောင်းနှင်ကြရန် လိုအပ်သည်။

နှစ်စီးတွဲ ရေယာဉ်များသည် မိမိသယ်ဆောင်နိုင်သည့်အားနှင့် စက်အားကို တွက်ချက်၍ မောင်းနှင်ရမည် ဖြစ်သည်။ တံတားအဝင်ရေလမ်း၌ ရေယာဉ်နှစ်စီး ယှဉ်ပြိုင်ခုတ်မောင်းခြင်းကို ရှောင်ကြဉ်၍ တစ်တွဲချင်းသာ ဖြတ်သန်းရမည်ဖြစ်သည်။

မိုးရွာပြီး လေပြင်းတိုက်ခတ်ချိန်များတွင် ရေယာဉ်များတိမ်းမှောက်မှု မဖြစ်စေရေးအတွက် လှေ၊ သမ္ဗန်နှင့် သင်္ဘောများသည် သတ်မှတ်ခွင့်ပြုချိန်ကြမှသာ ဆိပ်ကမ်းမှ ထွက်ခွာပြေးဆွဲကြရမည် ဖြစ်သည်။ ရေယာဉ်များတွင် အသက်ကယ်ပစ္စည်းများ ထားရှိရမည်ဖြစ်သကဲ့သို့ လူပို၊ ကုန်ပို တင်ဆောင်ခြင်းများ မပြုလုပ်ရန်လည်း လိုအပ်သည်။

သို့ဖြစ်ရာ ယခုကဲ့သို့ ရာသီဥတုပြောင်းလဲနေချိန်တွင် သဘာဝဘေးအန္တရာယ်များမှ ကင်းဝေးစေရေးနှင့် ထိခိုက်ဆုံးရှုံးမှု မရှိစေရေးအတွက် ရေယာဉ်များကို သတိပြုမောင်းနှင်ပြီး သက်ဆိုင်ရာမှ ထုတ်ပြန်ထားသော ရေလမ်းသတိပေး နှိုးဆော်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၅-၅-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄း၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၅၀ ၆။ မျိုးချစ်တပ်မတော်
- ၄း၅၅ ၇။ ပညာခေတ်
- ၅း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ မိုးလေဝသသတင်း
- ၆း၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၅ ၁၃။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှိတော့ရှိတယ် ရှားတယ်** (အပိုင်း-၁၇)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ မွေးမြူသုတ
- ၁၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အထူးရဲ** (အပိုင်း-၆)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃ လမ်း မှတ်တိုင်အနီး)တွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)မှ ဦးထွေး ကိုကို-ဒေါ်အိသဥ္စာမြင့် မိသားစုက တစ်နှစ်မြောက် မင်္ဂလာအထိမ်း အမှတ်အဖြစ် အလှူငွေကျပ် ၁၅၀၀၀၀ ကို အဖွဲ့ဝင် ဒေါက်တာအောင်ချိုထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင် လယ်ဝေးမြို့နယ် ကြက်ဆူပင်စိုက်ပျိုးပွဲတက်ရောက် ပျိုးအိတ်အတွင်း မျိုးစေ့နှင့်အပင်များ ထည့်သွင်းစိုက်ပျိုးပေး

နေပြည်တော် မေ ၁၄

လယ်ဝေးမြို့နယ် ၂၀၀၇-၂၀၀၈ခုနှစ် ခြံစည်းရိုးကြက်ဆူ မျိုးစေ့ချစိုက်ပျိုးပွဲကို မေ ၁၂ ရက် နံနက် ၇ နာရီက သက်ကယ်ချင်းကျေးရွာ၌ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်ဇနီး၊ ပျဉ်းမနားခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာနှင့် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်သက်က မြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အကျယ်တဝင့်ရှင်းလင်း

ထို့နောက် တိုင်းမှူးက နေပြည်တော် ဒေသအတွင်း ခြံစည်းရိုးကြက်ဆူ လျာထားဧက ပြည့်မီအောင် စံပြအနေဖြင့် စနစ်တကျစိုက်ပျိုးသွားကြရေး အကျယ်တဝင့် ရှင်းလင်းအမှာစကား ပြောကြားသည်။

ပျိုးပင်ပေးအပ်

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများအား ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးပင်များကို ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

မောင်းနှင်သရုပ်ပြ

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့က ပျိုးအိတ်အတွင်း မျိုးစေ့နှင့် အပင်များကို ထည့်သွင်းစိုက်ပျိုးပေးကြပြီး ခြံစည်းရိုးကြက်ဆူပျိုးခြံအတွင်းသို့ လှည့်လည်ကြည့်ရှုကာ စက်မှုလယ်ယာဦးစီးဌာနက ကြက်ဆူဆီဖြင့် မောင်းနှင်သည့် လယ်ယာသုံးစက်ကိရိယာများ မောင်းနှင် သရုပ်ပြသမှုကို ကြည့်ရှုအားပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပျိုးထောင်ထား

လယ်ဝေးမြို့နယ်သည် ၂၀၀၇-၂၀၀၈ခုနှစ်တွင် ခြံစည်းရိုးကြက်ဆူ ၅၄၅၃ ဧက၊ ပျိုးပင်ပေါင်း ၆၅၄၃၆၀၀ စိုက်ပျိုးရန် လျာထားပြီး မြို့နယ်ကြက်ဆူပျိုးခြံများတွင် ပျိုးပင်ပေါင်း ၆၆၀၆၀၀၀ ပျိုးထောင်ထားရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်က စာပေလောက ရှင်သန်ထွန်းကားရေး ဘက်စုံကဏ္ဍစုံအားပေးကူညီ စာပေဖတ်ရှုမှုအလေ့အထ ပိုမိုများပြားလာ၍ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်

ရန်ကုန် မေ ၁၄

ပဌမအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာနခန်းမဌကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုရရှိသူများအား ဆုများကိုချီးမြှင့်သည်။

တက်ရောက်

ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်ကော်မတီဝင်များ၊ ဆရာဝန်တင်ရွှေစာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်များ၊ ဆရာဝန်တင်ရွှေ မိသားစုများ၊စာပေဆုရရှိကြသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဆရာဝန်တင်ရွှေ စာပေဆုအခမ်းအနားသည် ဆရာဝန်တင်ရွှေ၏ စာပေသံယောဇဉ်နှင့် စာပေဝန်ဆောင်မှုစိတ်ဓာတ်ကို အရှိန်မပျက် ဆက်လက်ပြန့်ပွားစေရန်အတွက် နှစ်စဉ် စီစဉ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ဆရာဝန်တင်ရွှေကိုယ်တိုင်လည်း ၁၉၆၃ခုနှစ်တွင် နိုင်ငံတော်က ချီးမြှင့်သည့် အနုပညာစာပေဆိုင်ရာ စာပဒေသာ (ပထမဆု)၊ ၁၉၉၄ခုနှစ်တွင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ကျမ်းစာပေအတွက် နှစ်သိမ့်ဆုနှင့် ၁၉၉၆ ခုနှစ်တွင် ဆေးသုတေသနစာတမ်းဖတ်ပွဲအကောင်းဆုံးပိုစတာဆုများကို ရရှိခဲ့ကြောင်း၊ မကွယ်လွန်မီ ၂၀၀၀ပြည့်နှစ်အထိ ၎င်းလေ့လာတတ်မြောက်ထားသော ပညာကို မြန်မာစာပေတွင် ဖြန့်ဖြူးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေးခြင်း၊ ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေးအတွက် ဘာသာရေးစာအုပ်များ ပြုစုခြင်း၊ ကလေးငယ်များအတွက် ဥာဏ်စမ်းစာအုပ်အမျိုးမျိုး ပြုစုထုတ်ဝေခြင်းစသည့် စာပေဆိုင်ရာ တာဝန်များစွာကို ထမ်းပိုးဆောင်ရွက်သွားခဲ့သူ တစ်ဦးဖြစ်ကြောင်း၊ ယနေ့အချိန်တွင် တင်ရွှေစာပေထုတ်ဝေရေး စာပေတိုက်၏ ဆရာဝန်တင်ရွှေစာပေ ဆုပေးပွဲအခမ်းအနားသည် ပဌမအကြိမ်မြောက်ပင်ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ နှစ်စဉ်စာပေဆုများကိုလည်း တစ်နှစ်ထက်တစ်နှစ် အရေအတွက် တိုးတက်ချီးမြှင့်လာလျက်ရှိကြောင်းကို တွေ့ရှိကြရမှာဖြစ်ကြောင်း။

အားပေးကူညီပေး

မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတိုင်းအသိအမြင်ဗဟုသုတ တိုးပွားစေနိုင်သော မြန်မာစာအုပ်စာပေများ တိုးပွားထွက်ပေါ်လာရန်လိုအပ်သကဲ့သို့တစ်ဖက်တွင်လည်း နိုင်ငံသူ နိုင်ငံသားများ၏ စာပေဖတ်ရှုသည့် အလေ့အထနှင့် စာဖတ်ပရိသတ် တိုးမြှင့်လာရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် စာပေလောက ရှင်သန်ထွန်းကားရေးအတွက် ဘက်စုံကဏ္ဍစုံက အားပေးစောင့်ရှောက် ကူညီပေးလျက်ရှိကြောင်း၊ နိုင်ငံတော်က ဦးစီးဦးဆောင်ပြုပြီး ရွေးချယ်ချီးမြှင့်သည့် စာပေဆုပေးပွဲများမှာ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံဆုနှင့်တပ်မတော်နေ့ စာပေပြိုင်ပွဲဆုများဖြစ်ကြောင်း။

လက်ရှိ နိုင်ငံအတွင်း စာပေထုတ်ဝေနိုင်မှု အခြေအနေများကို လေ့လာကြည့်လျှင် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန၏ စာရင်းအရ ၁၉၈၈ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေဖြန့်ချိခဲ့သည့် စာအုပ်စာတမ်း ၁၇၃၁မျိုးသာ ထွက်ရှိခဲ့ရာက ၂၀၀၆ ခုနှစ်တွင် ၁၁၄၄၃မျိုးအထိ တိုးမြှင့် ထုတ်ဝေဖြန့်ချိနိုင်ခဲ့သည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ ၂၀၀၆ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်အမျိုးအစား ၁၁၄၄၃ မျိုးအတွက် တစ်မျိုးချင်းစောင်ရေကို ကြည့်မည်ဆိုလျှင် ဂျာနယ်၊ မဂ္ဂဇင်းပေါင်းစောင်ရေ ၂၆ သန်းခန့်အထိရှိခဲ့ပြီး ကျန်စာအုပ်အမျိုးအစားများအတွက် စောင်ရေ စုစုပေါင်း ငါးသန်းခန့်သာ ရှိခဲ့သည်ကို တွေ့ရှိရကြောင်း။

ဖွံ့ဖြိုးတိုးတက်အောင်

ထို့ကြောင့် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်စာပေ ပုံနှိပ်ဖြန့်ချိနိုင်မှု အရေအတွက်နှင့်စာပေဖတ်ရှုသည့် နိုင်ငံသူ၊ နိုင်ငံသား အရေအတွက်တို့ကို မြှင့်တင်ရန်လိုအပ်လျက်ရှိသည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ လက်ရှိ အခြေအနေတွင် ထုတ်ဝေသူနယ်ပယ်အတွင်း မိမိတို့၏ ထုတ်ဝေသည့် စာအုပ်၊ စာစောင် အမျိုးအစားအလိုက်စိတ်ဝင်စားသူ၊ စာဖတ်သူ လူဦးရေ မည်မျှရှိသည်ဆိုသည်ကို သုတေသနလုပ်ထားသည့် စာပေဈေးကွက် သုတေသန မရှိသေးသည့်အတွက်ကျယ်ပြန့်သည့်စာပေဈေးကွက် သုတေသနပြုလုပ်ပြီး စာပေလောက ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သင့်ကြောင်း၊ ထို့အတူ ပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်ရေးကိုလည်း တစ်ပြိုင်တည်း ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ပံ့ပိုးကူညီရန်အသင့်ရှိကြောင်း ပြောကြားလိုကြောင်း၊ တစ်ပြိုင်နက်တည်းတွင် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်အဆင့်အထိ စာကြည့်တိုက်ပေါင်းခြောက်သောင်းနီးပါးကို ထူထောင်ပေးထားပြီးဖြစ်ကြောင်း၊ ယင်းစာကြည့်တိုက်များ ရေရှည်တည်တံ့ရန်နှင့်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အားလေးအားကို ချမှတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စာကြည့်တိုက်များ ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးတိုးတက်လာလျှင် ပြည်သူလူထု၏ စာပေဖတ်ရှုမှု အလေ့အထလည်း ပိုမိုများပြားလာမည်ဖြစ်ပြီး နိုင်ငံတော်၏ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူပြုလာစေမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ပြည်သူလူထု၏ စာဖတ်အလေ့အထပွားများလာခြင်း စသည်တို့ကြောင့် စာပေလောက၏ စာအုပ်စာပေ ပုံနှိပ်ဖြန့်ချိရေးဈေးကွက်ပါ ကြီးမားကျယ်ပြန့်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စာပေပညာရှင်များ၊ ပုံနှိပ်ထုတ်ဝေသူများ အပါအဝင်စာပေလောကကြီးတစ်ခုလုံးက ကူညီပံ့ပိုး ဆောင်ရွက်ပေးဖို့ တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ် ပြောကြားလိုသည်မှာ စာပေပညာရှင်၊ ပုံနှိပ်သူ၊ ထုတ်ဝေသူများအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်၏ဦးတည်ချက် (၁၂)ရပ်ကို ခံယူဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း၊ ထို့အတူ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက ပံ့ပိုးဆောင်ရွက်ပေးစရာရှိသည်များကို ဆောင်ရွက်ပေးနေသကဲ့သို့ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလ ပညာရှင်ပုဂ္ဂိုလ်များကလည်း တတ်အားသရွေ့ ပံ့ပိုးကူညီသွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့ကျင်းပသော ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲကဲ့သို့ ဆုပေးပွဲများ နိုင်ငံတော်တွင် အမြောက် အမြားထပ်မံပေါ်ထွက်လာစေကြောင်း ဆုမွန်ကောင်းတောင်းသကဲ့သို့ တစ်ဖက်တွင်လည်း မိမိနိုင်ငံနှင့် လူမျိုး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြင့်မားစေပြီး အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေသည့် စာကောင်းပေခန့်များကိုရေးသားပြုစုသော စာပေပညာရှင် စာရေးဆရာများ ပေါ်ထွက်လာစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပဌမအကြိမ်မြောက် ဆရာဝန်တင်ရွှေ စာပေဆုရရှိသည့် ဒေါ်စောမုံညင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပဌမအကြိမ် ဆရာဝန်တင်ရွှေစာပေဆုချီးမြှင့်ပွဲတွင် ဆုရရှိကြသော စာရေးဆရာ၊ စာရေးဆရာမကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က အမှာစကားပြောကြားသည်။

ဂုဏ်ပြုဆုပေးအပ်

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ပဌမအကြိမ် ဆရာဝန်တင်ရွှေစာပေဆု ရရှိကြသည့် **"နေရမည်မှာခြောက်လသာ"** စာအုပ်ရေးသားသူ ဒေါက်တာကျော်စိန်၊ **"မြန်မာ့ကျင့်ဝတ်သိက္ခာနှင့်လူမှုတန်ဖိုး"** စာအုပ်ရေးသားသူ ဒေါက်တာတိုးလှ၊ **"စောမုံညင်း၏စောမုံညင်း"** စာအုပ်ရေးသားသူ ဒေါ်စောမုံညင်းနှင့် **"Myanmar Traditional Monthly Festivals"** စာအုပ်ရေးသားသူ ဒေါက်တာခင်မောင်ညွှန့်တို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဆုရရှိသူများကိုယ်စား ဒေါ်စောမုံညင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် အလှူရှင်များဖြစ်ကြသည့်ဦးကျော်ဇော–ဒေါ်လှမိသားစုက စာအုပ်၁၀၀၊ရန်အောင်စာပေမိသားစုက စာအုပ် ၅၀၊ ဦးလှငွေ–ဒေါ်ယုယုမိသားစုက စာအုပ်၉၃ အုပ်နှင့် ဆရာဝန်တင်ရွှေစာပေ မိသားစုက စာအုပ်၂၀၀တို့ကို အလှူရှင်များကိုယ်စား ဆရာဝန်တင်ရွှေ၏ ဇနီး ဆရာမဒေါ်အေးသန့်က ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံသည်။

ယင်းနောက် စာပေဆုအလှူရှင် ဆရာဝန်တင်ရွှေ၏ ဇနီး ဆရာမဒေါ်အေးသန့်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပဌမအကြိမ်ဆရာဝန်တင်ရွှေ စာပေဆု ချီးမြှင့်ပွဲတွင် ဆုရရှိကြသော စာရေးဆရာ၊ စာရေးဆရာမကြီးများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကျန်းမာရေးအသိပညာပေးခြင်းနှင့်ရောဂါများကွင်းဆင်းကုသပေး

ရန်ကုန် မေ ၁၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန်းဦး ဦးဆောင်သောအသင်းပိုင် ရောဂါရှာဖွေရေးဆေးခန်းမှ တာဝန်ခံဆရာဝန်များနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဝင်များနှင့်အတူ လှည်းကူးမြို့နယ် မင်းကုန်းစံပြကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသားဖွားခန်းသို့ မေ ၁၂ရက် နံနက်တွင် ရောက်ရှိလာရာ ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဌေးနှင့် တာဝန်ရှိသူများ ကြိုဆိုကြသည်။

လုံခြုံစိတ်ချမိခင်ဘဝ

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန်းဦးက အသိပညာပေးရခြင်း အကြောင်းရင်းကို ရှင်းလင်းဆွေးနွေးပြီး ပါမောက္ခ ဒေါက်တာထွန်းရီက လုံခြုံစိတ်ချ မိခင်ဘဝနှင့် အမျိုးသမီးများ မျိုးပွားအင်္ဂါ ကင်ဆာအကြောင်းတို့ကိုအသိပညာပေးဆွေးနွေးကြသည်။

ဆက်လက်၍ ဗဟို အလုပ်အမှုဆောင်က ငွေကျပ်သုံးသိန်း တန်ဖိုးရှိ သားဖွားခန်းသုံး ဆေးနှင့်ဆေးပစ္စည်းများကို လှူဒါန်းရာ ခရိုင်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လက်ခံရယူသည်။ **(ယာပုံ)** အဆိုပါ ကျန်းမာရေးအသိပညာပေးဆွေးနွေးပွဲသို့ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအသင်းဝင်များနှင့် တာဝန်ရှိသူများ စုစုပေါင်း အင်အား ၃၀၀ခန့် တက်ရောက်ခဲ့ကြသည်။

အပြန်အလှန်ဆွေးနွေး

ထို့နောက် အဆိုပါ အသင်းပိုင်သားဖွားခန်းကို အခြေပြု၍ အဖွဲ့ငယ်များခွဲကာ ကိုယ်ဝန်ဆောင် အမျိုးသမီး ၉၄ ဦးအား ကိုယ်ဝန်စမ်းသပ်ပေးခြင်း၊ ဆီးစစ်ပေးခြင်း၊ အထွေထွေသွေးစစ်ပေးခြင်း၊ PMCT စီမံချက်အရ မိခင်မှ သန္ဓေသားသို့ HIV ရောဂါပိုးကူးစက်မှုတားဆီး ကာကွယ်ကုသမှုပေးရေးအတွက် နှစ်သိမ့်ဆွေးနွေးပေးခြင်းနှင့် သွေးဖောက် စစ်ဆေးပေးခြင်း၊ အိမ်ထောင်သည် အမျိုးသမီး ၂၆ဦးအား သားအိမ်ခေါင်းကင်ဆာ ကြိုတင်သိရှိကာကွယ် ကုသနိုင်ရေးအတွက် Pap Smear စမ်းသပ်ပေးခြင်း၊ အမျိုးသမီးအားလုံးအား ရင်သားစမ်းသပ်ပေးခြင်း၊ လိုအပ်သူများကိုသက်ဆိုင်ရာဆေးရုံများသို့ ညွှန်းပို့ပေးခြင်းနှင့်အမျိုးသား ၁၀၀ တို့အား ကွန်ဒုံးအသုံးပြုမှု လက်တွေ့ရှင်းပြခြင်းနှင့် အပြန်အလှန် ဆွေးနွေးခြင်းတို့ကို ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဆီယံ ပဋိညာဉ်စာတမ်း၊ သို့မဟုတ် အာဆီယံစည်းလုံး ညီညွတ်မှုမဏ္ဍိုင်

တက္ကသိုလ် မြတ်သူ

ကမ္ဘာသူ ကမ္ဘာသားများ ဒုတိယကမ္ဘာစစ်ပွဲကြီးကဲ့သို့ အနိဋ္ဌာရုံ ထူပြောသော စစ်ပွဲမျိုး၏ အန္တရာယ်မှကင်းဝေးစေရန် ကမ္ဘာသူ ကမ္ဘာသားတို့၏ဆန္ဒနှင့်အညီ ၁၉၄၅ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး ထူထောင်ဖွဲ့စည်းခဲ့ကြသည်။ ကုလသမဂ္ဂသည် ကမ္ဘာ့လူသားများ၏ လွတ်လပ်ခွင့်၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ နိုင်ငံအားလုံး တန်းတူညီမျှခွင့်၊ ပြင်ပမှစွက်ဖက်မှု၊ ကျူးကျော်မှုများ ကင်းလွတ်ခွင့်၊ ပြဿနာများရှိလာလျှင် စစ်ရေးအရ မဖြေရှင်းဘဲ တွေ့ဆုံဆွေးနွေး နိုင်ငံရေးအရ ဖြေရှင်းရေး၊ ကမ္ဘာကြီး ငြိမ်းချမ်းလုံခြုံကာ ဖွံ့ဖြိုးတိုးတက်မှုများကို ပူးပေါင်းဆောင်ရွက်ရေး မူဝါဒများ ချမှတ်ပေးခဲ့သည်။

ကုလသမဂ္ဂအဖွဲ့ကြီး တည်ထောင်စက အဖွဲ့ဝင်၅၁နိုင်ငံသာ ရှိခဲ့ရာမှ ယခုအခါ အဖွဲ့ဝင်နိုင်ငံ ၁၉၂ နိုင်ငံ ရှိလာပြီဖြစ်သည်။ ကုလသမဂ္ဂ အဖွဲ့ကြီး၏ ရည်ရွယ်ချက်၊ အခြေခံမူ၊ လုပ်ငန်းစဉ်၊ ဖွဲ့စည်းပုံများကို ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း (ဝါ)အဖွဲ့ဝင်နိုင်ငံတိုင်းက လိုက်နာပါမည်ဟု ကတိဝန်ခံ ပဋိညာဉ်ပြု လက်မှတ်ရေးထိုးရသော ပဋိညာဉ်စာချုပ်ကြီးတွင် ရေးဆွဲပြဋ္ဌာန်းထားသည်။ ကုလသမဂ္ဂအဖွဲ့ကြီး၏ ဖွဲ့စည်းပုံ အခြေခံဥပဒေဟု ဆိုရမည့် ပဋိညာဉ်စာချုပ်ကြီးကို United Nations Charter ဟု ခေါ်တွင်သည်။ ပဋိညာဉ်စာတမ်းကို ၁၉၄၅ခုနှစ်အစောပိုင်း၌ ရေးဆွဲကာ အဖွဲ့ဝင်နိုင်ငံများက ၁၉၄၅ခုနှစ် ဇွန်လမှစ၍ လက်မှတ်ရေးထိုးခဲ့ကြသည်။

ဒေသအလိုက် အဖွဲ့အစည်းများကိုလည်း စုပေါင်းဖွဲ့စည်းကာ ဒေသ၏ ဘုံအကျိုးစီးပွားကို ပူးပေါင်းဖော်ဆောင်ကြသည်။ AU (African Union) အာဖရိကနိုင်ငံများသမဂ္ဂ၊ OAS (Organization of American States) အမေရိကန် နိုင်ငံများအဖွဲ့၊ EU(European Union) ဥရောပနိုင်ငံများသမဂ္ဂ၊ Arab League (League of Arab States) အာရပ်နိုင်ငံများ အဖွဲ့ချုပ်၊ ASEAN (Association of Southeast Asian Nations) အာဆီယံခေါ် အရှေ့တောင်အာရှ နိုင်ငံများအသင်း၊ CARI-COM (Caribbean Community and Common Market) ကာရစ်ဘီယံဒေသနိုင်ငံများအစုနှင့် ဘုံဈေးအဖွဲ့ စသည်တို့ ဖြစ်ကြသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)ကို ၁၉၆၇ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် စတင်တည်ထောင်ခဲ့သည်။ ဒေသတွင်း (အဖွဲ့ဝင်) နိုင်ငံအချင်းချင်း စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုဆောင်ရွက်သွားရေးတို့ကို ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အာဆီယံ စတင်ဖွဲ့စည်းစဉ်က ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ မလေးရှားနိုင်ငံများပါဝင်ခဲ့ပြီး ဗီယက်နမ်၊ ဘရူနိုင်း၊ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားတို့ ဆက်လက်ပါဝင်လာကြသဖြင့် ဒေသတစ်ခုလုံး အကျုံးဝင် လွှမ်းခြုံသော အဖွဲ့ကြီးဖြစ်လာသည်။ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ၏ လူဦးရေစုစုပေါင်းမှာ သန်းပေါင်း၅၇၀ ကျော် ရှိပေသည်။ အာဆီယံဒေသသည် စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာမည့် ဒေသဖြစ်သည်ဟု စီးပွားရေး ပညာရှင်များက ဟောကိန်းထုတ်ထားသည်။

အာဆီယံဖြစ်လာမည့် အရှေ့တောင်အာရှဒေသသည် တစ်ချိန်က အနောက်နယ်ချဲ့နိုင်ငံများ၏ နယ်ချဲ့စိုးမိုးမှု ခံခဲ့ကြရသည်။ နယ်ချဲ့တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများ ဆင်နွှဲခဲ့ကြရသည်။ ကမ္ဘာ့စစ်ဒဏ်ကိုလည်း ခံကြရသည်။ ကမ္ဘာ့စစ်ပွဲကြီးအပြီး ဗြိတိန်၊ ပြင်သစ်၊ ဒတ်ချ်၊ ပေါ်တူဂီနယ်ချဲ့တို့ အရှေ့တောင်အာရှကို လွတ်လပ်ရေးပေးပြီး ဆုတ်ခွာသွားချိန်၊ ဒိုမီနိုသီအိုရီကို ကိုင်စွဲကာ အမေရိကန်က ကျူးကျော်စွက်ဖက်စိုးမိုးရန် အားထုတ်လာရင်း ဗီယက်နမ်စစ်ပွဲ ဖြစ်ပွားခဲ့ရပြန်သည်။ ဗီယက်နမ်ကို အမေရိကန် ကျူးကျော်တိုက်ခိုက်သော စစ်မီးလျှံသည် ကမ္ဘောဒီးယား၊ လာအိုနိုင်ငံများသို့တိုင် ကူးစက်ခဲ့သည်။ အရှေ့တောင်အာရှ(အထူးသဖြင့်) အင်ဒိုချိုင်းနားကျွန်းဆွယ်တွင် စစ်မီးတောက်များဖြင့် ထောင်းလမောင်းထခဲ့သည်။

ဒိုမီနို ခေါ် ဖဲချပ်ခပ်ထူထူကလေးများ (မြန်မာအချို့ ကစားသော "ကက်" နှင့် ဆင်ဆင်၊ မာကျောက်ဖဲချပ်နှင့် ဆင်ဆင်)ကို တစ်ခုနှင့်တစ်ခု အနေတော် စီတန်းချထားပြီး၊ ထိပ်ဆုံးဖဲချပ်ကို လက်ဖြင့် ခပ်ဆတ်ဆတ်တောက်လိုက်လျှင် ထိုဖဲချပ်ကလဲကျပြီး ဒုတိယဖဲချပ်ပေါ်ကျ၊ ဒုတိယဖဲချပ်က တတိယဖဲချပ်ပေါ်ကျ စသည်ဖြင့် စီတန်းထားသမျှ ဖဲချပ်အားလုံး လဲပြိုသွားတတ်၏။ ဒေသတစ်ခုတွင် ကွန်မြူနစ်နိုင်ငံတစ်ခု ပေါ်လာပြီးလျှင် ဒိုမီနိုဖဲချပ်ကဲ့သို့ တစ်နိုင်ငံပြီးတစ်နိုင်ငံ တန်းစီပြီး ကွန်မြူနစ်နိုင်ငံ ဖြစ်သွားလိမ့်မည်ဟု အမေရိကန်က ကြွေးကြော်ကာ အာရှ၊ အာဖရိက၊ အရှေ့အလယ်ပိုင်း၊ ဥရောပ၊ တောင်-မြောက် အမေရိကနိုင်ငံများတွင် ကွန်မြူနစ် လွှမ်းမိုးမလာရေး ဒိုမီနိုသီဝရီအရ ဝင်ရောက်စွက်ဖက်တော့သည်။

ထိုစဉ်က မြောက်ဗီယက်နမ်၊ မြောက်ကိုရီးယား၊ တရုတ်နိုင်ငံတို့တွင် ကွန်မြူနစ်ပါတီအစိုးရများ အာဏာရလာစအချိန်ဖြစ်၍ အာရှကို အမေရိကန်က နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအရ ဝင်ရောက်စွက်ဖက်ခြေရှုပ်ခဲ့သည်။

၁၉၅၄ခုနှစ်တွင် အမေရိကန်သည် အရှေ့တောင်အာရှ အပါအဝင် အာရှကို စစ်ရေးလွှမ်းမိုးရန် SEATO (South-East Asia Treaty Organization) ဆီးတိုးခေါ် အရှေ့တောင်အာရှ(စစ်) စာချုပ်အဖွဲ့ကို ထူထောင်ခဲ့သည်။ ဥရောပတွင် အမေရိကန်ထူထောင်ကြီးစိုးထားသော NATO (North Atlantic Treaty Organization) နေတိုးခေါ် မြောက်အတ္တလန္တိတ် (စစ်)စာချုပ်အဖွဲ့ကဲ့သို့ အမေရိကန် စစ်စခန်းများ အရှေ့တောင်အာရှဒေသတွင် ဖြန့်ကြက်စိုးမိုးထားရန်၊ ယင်းစစ်အုပ်စုဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုစဉ်က ကမ္ဘောဒီးယားနိုင်ငံကဲ့သို့ ကွန်မြူနစ်အစိုးရများ အာဏာရနေသော နိုင်ငံများကို စစ်ရေးအရ ထိုးနှက်ဖြိုဖျက်ရန် ဖြစ်သည်။

ဆီးတိုးစစ်အုပ်စုသည် အရှေ့တောင်အာရှဒေသမှ ထိုင်းနှင့် ဖိလစ်ပိုင်နှစ်နိုင်ငံသာပါဝင်ပြီး ဒေသအပြင်မှ ဩစတြေးလျ၊ နယူးဇီလန်၊ ပါကစ္စတန်၊ အမေရိကန်၊ ဗြိတိန်၊ ကနေဒါ စသည့် နိုင်ငံများ ပါဝင်ဖွဲ့စည်းခဲ့သည်။ ဒေသတွင်း နိုင်ငံအများစုက ဆီးတိုးတွင်မပါဝင်ဘဲ ဆန့်ကျင်ကြသည်။ ဆီးတိုးစစ်အုပ်စုသည် ၁၉၆၄ခုနှစ်နှင့် ၁၉၇၃ခုနှစ်အတွင်း အင်ဒိုချိုင်းနားဒေသ (ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား)တို့ကို အမေရိကန်က ကျူးကျော်စစ် ဆင်နွှဲရာ၌ ထောက်ကူရန် ရည်ရွယ်ခဲ့လေသည်။

ဗီယက်နမ်စစ်ပွဲတွင် အမေရိကန်တို့ လူအင်အား၊ ငွေအင်အား၊ လက်နက်စွမ်းပကားနှင့် အင်အားမတန်တဆ ပုံအောပြီး တိုက်ခဲ့သော်လည်း အမေရိကန်ပြည်သူများအပါအဝင် ကမ္ဘာပြည်သူများက အမေရိကန်၏ ကျူးကျော်မှုကို နေ့ဆက်ရက်ဆက် ကန့်ကွက်ဆန္ဒပြကြသကဲ့သို့ ဗီယက်နမ်ပြည်သူတို့၏ ရဲစွမ်းသတ္တိဖြင့် တွန်းလှန်တိုက်ခိုက်ကြသောကြောင့် အမေရိကန်တို့ အရေးနိမ့်ကာ ဒေသတွင်းမှ ဆုတ်ခွာသွားခဲ့ကြရသည်။ ၁၉၇၅ ခုနှစ်တွင် ဆီးတိုးအဖွဲ့ဝင် ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့က ဆီးတိုးဖျက်သိမ်းရန် တောင်းဆိုလာကြသဖြင့် ၁၉၇၇ ခုနှစ်တွင် ဆီးတိုး(စစ်)အုပ်စု ပျက်ပြားသွားခဲ့ရသည်။ အမေရိကန်သည် ဆီးတိုးကို ပြန်လည်အသက်သွင်းရန် အချိန်နှင့်အမျှ ကြံစည်အားထုတ်နေခဲ့ပေသည်။

အရှေ့တောင်အာရှနိုင်ငံများကမူ ဆီးတိုးကဲ့သို့သော ဒေသပြင်ပမှ စိုးမိုးခြယ်လှယ်သော စစ်အုပ်စုမျိုးကို စိတ်မဝင်စားကြ၊ လက်မခံကြပေ။ မိမိတို့ဒေသကောင်းကျိုးကို စုပေါင်းအကောင်အထည်ဖော်ရန် အာဆီယံကိုသာ အလေးထား ဖွဲ့စည်းအားဖြည့်ခဲ့ကြပေသည်။

ကျွန်တော်မှတ်မိသလောက် အာဆီယံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝင်ရောက်လာချိန် အမေရိကန်က အစွမ်းကုန် ဟန့်တားခဲ့သည်။ သို့သော် ဗီယက်နမ်ကို အဖွဲ့ဝင်အဖြစ်လက်ခံခဲ့ကြသည်။ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားတို့ အဖွဲ့ဝင်ဖြစ်လာတော့မည့်(၁၉၉၇ ခုနှစ်)တွင် အမေရိကန်က ကျားကုတ်ကျားခဲ ကန့်ကွက်ဟန့်တားလာခဲ့သည်။ သို့သော် အာဆီယံအဖွဲ့ဝင်ဖြစ်ပြီးသည့် ခုနစ်နိုင်ငံက အမေရိကန် စွက်ဖက်ဟန့်တားမှုကို လျစ်လျူရှုပြီး အဖွဲ့ဝင်သစ်သုံးနိုင်ငံကိုလက်ခံကာ အရှေ့တောင်အာရှဒေသတစ်ခုလုံး လွှမ်းခြုံအကျုံးဝင်သော အာဆီယံအသင်းကြီး ဖြစ်လာခဲ့သည်။ အင်ပြည့်အားပြည့် အာဆီယံ၊ တင်းပြည့်အာဆီယံဟု ဆိုနိုင်ပေသည်။

အာဆီယံအင်အားပြည့် အဖွဲ့ကြီးဖြစ်လာပြီးနောက် ဒေသအကျိုးစီးပွားကို ပိုမို၍ စည်းလုံးစွာ ကြိုးပမ်းနိုင်လာကြသည်။ သို့သော် အမေရိကန်က အာဆီယံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်ရန်၊ အမေရိကန်မလိုလားသော အဖွဲ့ဝင်နိုင်ငံကို ထုတ်ပစ်ရန် မရပ်မနား တိုက်တွန်းနေခဲ့သည်။ သို့သော် အာဆီယံအသင်းကြီးကလည်း အသင်းကြီး စတင်ဖွဲ့စည်းကတည်းက ချမှတ်ခဲ့သော အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေး ဝင်မစွက်ရေးမူကို တိကျစွာ ကျင့်သုံးခဲ့သည်။ ယခုနှစ်ဆိုလျှင် အာဆီယံက အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်မစွက်ရေးအခြေခံမူကို ကျင့်သုံးမှု နှစ်(၄၀) ပြည့်မြောက်ပေတော့မည်။ အရှေ့တောင်အာရှဒေသသည် ဆီးတိုး၊ သို့မဟုတ် အမေရိကန်စစ်ရေး လွှမ်းမိုးခြယ်လှယ်မှုကို လက်မခံ၊ ဒေသတွင်း၌ အမေရိကန်စစ်စခန်းကြီးများ လက်မခံသောဒေသ ဖြစ်နေပေပြီ။

ယခုအခါ အာဆီယံဖွဲ့စည်းပုံ အခြေခံဥပဒေဟု တင်စားရမည့် အာဆီယံ ပဋိညာဉ်စာတမ်း(စာချုပ်) ASEAN Charter ရေးဆွဲနေပြီဖြစ်ပေသည်။ အာဆီယံကို ဒေသအဖွဲ့အစည်းတစ်ခုအဖြစ် ဖွဲ့စည်းထားရာတွင် စည်းမျဉ်း စည်းကမ်းများဖြင့် ပိုမိုသွက်လက်ထက်မြက်သော အဖွဲ့ကြီးဖြစ်လာစေရန်၊ ဒေသစည်းလုံးညီညွတ်မှုကို ပိုမိုဆောင်ကြဉ်းနိုင်ရန်၊ စိန်ခေါ်မှုများကို ညီညီညွတ်ညွတ် လက်တွဲကျော်လွှားနိုင်ရန်၊ တစ်ကမ္ဘာလုံးဆက်စပ် ယှက်နွယ်ဆောင်ရွက်ရေး (Globalization)ကို ပြင်ပနိုင်ငံများနှင့် ပိုမိုဆက်သွယ် ဆောင်ရွက်ခြင်းဖြင့် ရယူနိုင်ရန်၊ ကမ္ဘာနှင့် ဆက်ဆံဆက်သွယ်ရာ၌ စည်းကမ်းတကျ ထိရောက်မှုရှိစေရန် အာဆီယံပဋိညာဉ်စာတမ်း လိုအပ်လာရသည်။ အာဆီယံပဋိညာဉ်စာတမ်း ရေးဆွဲခြင်းဖြင့် အာဆီယံ၏ ဥပဓိရုပ်ကို ပိုမိုထင်ရှား လာစေမည်ဖြစ်သည်။

၂၀၀၄ခုနှစ် နိုဝင်ဘာလက ချမှတ်ခဲ့သည့် ဗီယန်ကျင်းလုပ်ငန်း အစီအစဉ်တွင် အာဆီယံပဋိညာဉ်ရေးဆွဲရေးကို အစီအစဉ်တစ်ရပ်အဖြစ် ဖော်ပြခဲ့သည်။ ၂၀၀၅ခုနှစ် ဒီဇင်ဘာလတွင် အာဆီယံပဋိညာဉ်စာတမ်း ရေးဆွဲရေးအတွက် ကွာလာလမ်ပူ ကြေညာစာတမ်း၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ လက်မှတ်ရေးထိုးကြကာ ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်၁၀ဦး Eminent persons Group(EPG)အဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ ယင်းပုဂ္ဂိုလ်ကျော် ၁၀ဦးအဖွဲ့တွင် မြန်မာနိုင်ငံမှ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်ပါဝင်သည်။ အဖွဲ့ဝင်နိုင်ငံအသီးသီးမှ ထင်ရှားသောပုဂ္ဂိုလ်များ ပါဝင်ကြသည်။

EPG ၁၀ ဦးအဖွဲ့က အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ ပါလီမန်အမတ်များ၊ အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ၊ ဥရောပနိုင်ငံများသမဂ္ဂ (EU)မှ ပညာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ တွေ့ရှိချက်များကို ပဋိညာဉ်စာတမ်းပြုစုရာ၌ အထောက်အကူဖြစ်စေရန် အာဆီယံအဖွဲ့ကြီးသို့ တင်ပြခဲ့သည်။

အာဆီယံပဋိညာဉ်စာတမ်းကို EPG ၏ အကြံပြုချက်များကို အခြေပြုပြီး ရေးဆွဲရန် အဆင့်မြင့်လုပ်ငန်းအဖွဲ့ HlTF (Highlevel Task Force)က တာဝန်ယူခဲ့သည်။ ယင်းအဆင့်မြင့် လုပ်ငန်းအဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံ အသီးသီးမှ ကျွမ်းကျင်သူ ၁၀ ဦးပါဝင်ခဲ့သည်။ မြန်မာနိုင်ငံမှမူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားပါဝင်ခဲ့သည်။

အဆင့်မြင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌမှာ ဖိလစ်ပိုင်နိုင်ငံမှ ရိုဆာရီယိုဂျီမာနာလို (Rosario G. Manalo) ဖြစ်သည်။ အဆင့်မြင့်လုပ်ငန်းအဖွဲ့က အဖွဲ့ဝင်နိုင်ငံများမှ လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးကာ ယင်းတို့၏အမြင်၊ ဆန္ဒ၊ သဘောထား၊ အကြံဉာဏ်များ

စာမျက်နှာ ၅ ကော်လံ ၁ သို့

အာဆီယံ ၁၀နိုင်ငံ၌ ဘာသာရေး၊ ဘာသာစကား၊ နိုင်ငံရေး၊ ယဉ်ကျေးမှု စသည်တို့၌ မတူညီမှုများရှိသော်လည်း အားလုံးသည် အာရှသားများဖြစ်ရာ၌ တူညီကြသည်။ အာဆီယံ မိသားစုဝင်များဖြစ်ရာ၌ တူညီကြသည်။ အာဆီယံလုပ်ငန်းများအောင်မြင်လျှင် အားလုံးခံစားရမည့် အကျိုးစီးပွား(ဘုံအကျိုးစီးပွား)၌ တူညီကြသည်။ မတူညီမှုများရှိကြစေကာမူ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး သဘောတရားအရ အာဆီယံရည်မှန်းချက်များကို အတူယှဉ်တွဲ ကြိုးပမ်းလျက်ရှိကြသည်မှာ ဝမ်းမြောက်အားရဖွယ်ကောင်းသည်။

15-5 (04) 1 5/14/07, 1:11 PM

ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန် မြန်ဆန်စေရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေး ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မြန်မာ့စက်မှုဆိပ်ကမ်းတွင် စစ်ဆေးရေးအဖွဲ့များက ကုန်ပစ္စည်းများ ဖွင့်ဖောက်စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းပြသ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဆူးလေဆိပ်ခံတံတားများ တစ်လျှောက် ဆိုက်ကပ်ထားသော သင်္ဘောများပေါ်မှ ကုန်ပစ္စည်းများ တင်ချပြုလုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့စက်မှု ဆိပ်ကမ်းသို့ သွားရောက်၍ စစ်ဆေးရေးအဖွဲ့များဖြင့် ဖွင့်ဖောက်စစ်ဆေးနေမှု၊ စက်မှုလယ်ယာသုံး စက်ပစ္စည်းများ၊ ပဲအမျိုးမျိုး၊ အထပ်သားကုန်ကြမ်းများ ဖွင့်ဖောက်စစ်ဆေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ဝန်ကြီးက သွင်းကုန်၊ ထုတ်ကုန်ပစ္စည်းများကို စစ်ဆေးရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေး၊ ဆိပ်ကမ်းလုပ်ငန်းများ မှန်ကန်ချောမွေ့မှုဖြစ်စေရေး ဂရုစိုက်ဆောင်ရွက်သွားရန်နှင့် သင်္ဘောများပေါ်သို့ ကုန်သေတ္တာများတင်ချရာတွင် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ချိန်အတွင်း လုပ်ငန်းများ လျင်မြန်ချောမွေ့မှုရှိစေရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့စက်မှုဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော ဝေဠုဝတီ(၅)ရေယာဉ် ပေါ်မှ သစ်လုံးများ တင်ချပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အလုံမြို့နယ်ရှိ Asia World ဆိပ်ခံတံတားသို့ ရောက်ရှိ၍ ကုန်သေတ္တာများအတွင်းရှိ အထည်အလိပ်များ၊ လူသုံးကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံးကုန်ပစ္စည်းများ ဖွင့်ဖောက်စစ်ဆေးနေမှုအခြေအနေများ၊ ကုန်သေတ္တာများ သင်္ဘောပေါ်မှ တင်ချနေမှုအခြေအနေနှင့် ကုန်သေတ္တာများအား X - Ray စက်များဖြင့် စစ်ဆေးမှုများကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂)စက်မှုဝန်ကြီး ဗိုလ်ချုပ်စောလွင် စက်မှုသင်တန်းကျောင်း(မန္တလေး)တည်ဆောက်ရေးစီမံကိန်းကြည့်ရှု

နေပြည်တော် မေ ၁၄

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၁ရက် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ စက်မှုသင်တန်းကျောင်း(မန္တလေး) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ ရှေးဦးစွာ ရှင်းလင်းဆောင်၌ ခေတ္တကျောင်းအုပ်ကြီး ဦးကျော်စွာသိမ်းက စီမံကိန်းအတွက် စက်ပစ္စည်းများနှင့် သင်ကြားရေးအထောက်အကူပြုစက်ပစ္စည်းများ ရောက်ရှိမှုအခြေအနေကိုလည်းကောင်း၊ သင်တန်းကျောင်းအတွက် နည်းပြများ ရောက်ရှိမှု၊ သင်ကြားရေးဆိုင်ရာ အချက်အလက်များနှင့် သင်ရိုးညွှန်းတမ်းများ ရေးဆွဲထားရှိမှုတို့ကိုလည်းကောင်း၊ ကျောင်းဝင်းအတွင်း စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များစိုက်ပျိုးထားရှိမှုအခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ဝန်ကြီးက စက်မှုသင်တန်းကျောင်း၏ သင်ရိုးညွှန်းတမ်းများကို ရေးဆွဲရာတွင် ဆက်နွှယ်လျက်ရှိသည့် အခြားဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ သင်ကြားမှုအထောက်အကူပြုပစ္စည်းများနှင့် ပရိဘောဂများအား ကြိုတင်ဆောင်ရွက်ထားရှိရန်တို့ကို ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းမှ စီမံကိန်းညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေဝင်းက စီမံကိန်းအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုအခြေအနေ၊ သင်တန်းကျောင်းအဝင်လမ်းမကြီးနှင့် ကျောင်းဝင်းအတွင်းရှိ လမ်းများ ခင်းကျင်းပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ကြိုတင်ပြင်ဆင်

ဝန်ကြီးက စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ လျှပ်စစ်မီးနှင့် ရေရရှိရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် စာရင်းဇယားများ ပြုစုထားရှိရန်နှင့် အလေအလွင့်နည်းပါးစေရန်အတွက် ကြပ်မတ်ဆောင်ရွက်ရေး၊ သင်တန်းကျောင်းအတွက် စက်ပစ္စည်းများ ရောက်ရှိလာပါက တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် သင်တန်းကျောင်း ပင်မအဆောက်အအုံအတွင်း စာသင်ခန်းများ ဆောက်လုပ်ပြီးစီးမှု၊ Training Workshop များ ဆောက်လုပ်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးမြို့နယ် အင်းတကော်ကျေးရွာအုပ်စု သာယာကုန်းကျေးရွာရှိ ဝက်သက်ကာကွယ်ဆေးထိုး စုရပ်တွင် ကျန်းမာရေးဦးစီးဌာနမှ ကွင်းဆင်းကြီးကြပ်ရေး အဖွဲ့ဝင်များ၊ ယူနီဆက်(ရန်ကုန်)မှ တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၄ ဆောင်းပါးမှ အဆက်

ရယူလိုသဖြင့် ၂၀၀၇ခုနှစ် မတ်လ၂၇ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်သို့ ဖိတ်ခေါ် တွေ့ဆုံဆွေးနွေးခဲ့သည်။ အဖွဲ့ဝင်နိုင်ငံတိုင်းမှ လူမှုအဖွဲ့အစည်း ကိုယ်စားလှယ် ခြောက်ဦးစီ ပါဝင်ကြသည်။

မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ဦးထွန်းအောင်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဒေါက်တာငွေးမြင့်၊ ဒေါက်တာ ဝါဝါမောင်နှင့် စာရေးဆရာ၊ သတင်းစာဆရာအဖြစ် ကျွန်တော် ပါဝင်တက်ရောက်ခဲ့သည်။ မတ်လ ၂၇ရက်နေ့နံနက် ဖွင့်ပွဲတွင် သဘာပတိ HLTFဥက္ကဋ္ဌ ရိုဆာရီယို ဂျီမာနာလိုက နှုတ်ခွန်းဆက်စကား ပြောကြားရင်း ကိုယ်စားလှယ်များ မဏ္ဍိုင်သုံးရပ်တွင် တာဝန်ခွဲဝေ တက်ရောက်ဆွေးနွေး အကြံပြုကြကာ အစုအဖွဲ့ စာတမ်းရေးသားပြုစုလျက် မွန်းလွဲပိုင်း စုံညီအစည်းအဝေး၌ စာတမ်းများ ဖတ်ကြားကြ၊ ဆွေးနွေးကြ၊ HLTF အဖွဲ့ဝင်များက မှတ်ချက်စကားများ ပြောကြားကြမည် ဖြစ်ကြောင်း၊ လူ့အခွင့်အရေးအကြောင်း အာဆီယံဝန်ကြီးအဆင့် ပုဂ္ဂိုလ်များက သီးခြားကိုင်တွယ်ကြမည်ဖြစ်၍ ပဋိညာဉ်စာတမ်းတွင် လူ့အခွင့်အရေးအကြောင်း မပါဝင်၊ ပဋိညာဉ်စာတမ်း၌ အဖွဲ့ဝင်နိုင်ငံများကို အဖွဲ့ဝင်အဖြစ်မှ ရပ်ဆိုင်းခြင်းကဲ့သို့သော အကြောင်းအရာများ မပါဝင်ပါဟု ကြိုတင်ရှင်းပြသည်။

မဏ္ဍိုင်သုံးရပ်ဆွေးနွေးပွဲများတွင် (၁) နိုင်ငံရေးနှင့် လုံခြုံရေးမဏ္ဍိုင်အခန်း၌ ဦးလှမြင့်နှင့် ဒေါက်တာငွေးမြင့်၊ (၂)စီးပွားရေးရာ မဏ္ဍိုင်အခန်း၌ ဦးထွန်းအောင်နှင့် ဒေါက်တာ ဝါဝါမောင်၊ (၃)လူမှု-ယဉ်ကျေးမှုမဏ္ဍိုင်အခန်း၌ ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် ကျွန်တော်တို့ တက်ရောက်ဆွေးနွေးသည်။ ဆွေးနွေးပွဲ သုံးခုစလုံးတွင် မြန်မာကိုယ်စားလှယ်များက ပဋိညာဉ်စာတမ်း ပြုစုအောင်မြင်ရေးကို ထောက်ကူဆွေးနွေး တင်ပြခဲ့ကြသည်။ ဆွေးနွေးပွဲအားလုံးမှာပင် အာဆီယံ စိတ်ဓာတ်၊ အာဆီယံ ညီညွတ်မှုနှင့် အာဆီယံ ပဋိညာဉ်စာတမ်း ရေးဆွဲအောင်မြင်ရေးကို အားလုံး စေတနာတူညီစွာ ဆွေးနွေးသွားကြသည်မှာ စိတ်ချမ်းမြေ့ကြည်နူးဖွယ်ကောင်းလှသည်။ အာဆီယံ ညီညွတ်စည်းလုံးမှု မြင်ကွင်းဟု ဆိုနိုင်ပေသည်။

ကျွန်တော် ပါဝင်သော လူမှု-ယဉ်ကျေးမှုမဏ္ဍိုင်၌ ဗီယက်နမ်နှင့် ကမ္ဘောဒီးယား ကိုယ်စားလှယ်တို့က တစ်ဦးနှင့်တစ်ဦးအကြား ကွာဟချက်ရှိလျှင်ပင် အာဆီယံ ညီညွတ်ရေးစိတ်ဓာတ်ဖြင့် ပဋိညာဉ်စာတမ်းကြီး အောင်မြင်စွာ ပေါ်ထွန်းရေးအတွက် ဦးတည်ကြရန် တိုက်တွန်းသွားကြသည်။ ကျွန်တော် ဆွေးနွေးရမည့်အလှည့်တွင် **အာဆီယံ ၁၀နိုင်ငံ၌ ဘာသာရေး၊ ဘာသာစကား၊ နိုင်ငံရေး၊ယဉ်ကျေးမှု စသည်တို့၌ မတူညီမှုများ ရှိသော်လည်း အားလုံးသည် အာရှသားများဖြစ်ရာ၌ တူညီကြသည်။ အာဆီယံမိသားစုဝင်များဖြစ်ရာ၌ တူညီကြသည်။ အာဆီယံလုပ်ငန်းများ အောင်မြင်လျှင် အားလုံးခံစားရမည့် အကျိုးစီးပွား (ဘုံအကျိုးစီးပွား)၌တူညီကြသည်။ မတူညီမှုများရှိကြစေကာမူ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး သဘောတရားအရ အာဆီယံ ရည်မှန်းချက်များကို အတူယှဉ်တွဲ ကြိုးပမ်းလျက်ရှိကြသည်မှာ ဝမ်းမြောက်အားရဖွယ်ကောင်းသည်။** လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုသည် ယင်းလူမျိုးတို့၏ ဂုဏ်ဒြပ်ပင်ဖြစ်သည်။ ထို့ကြောင့် ပဋိညာဉ်စာတမ်း၌ အဖွဲ့ဝင်နိုင်ငံတိုင်း၏ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခွင့်၊ စည်းစနစ်တကျ မြှင့်တင်ခွင့်ကို အာမခံထားလိမ့်မည်ဟု ယုံကြည်ပါသည်ဟု တင်ပြခဲ့သည်။

မွန်းလွဲပိုင်းတွင် စာတမ်းသုံးစောင်ဖတ်ကြားကြရာ အားလုံးက ဝမ်းသာကြ၊ ကျေးဇူးတင်ကြဖြင့် ကြိုဆိုထောက်ခံကြသည်။ အာဆီယံ ပဋိညာဉ်စာတမ်းကြီးကို အဆင့်မြင့်လုပ်ငန်းအဖွဲ့ HLTF က ဆက်လက်ညှိနှိုင်း ဆွေးနွေးရေးဆွဲကြကာ ၂၀၀၇ခုနှစ် နိုဝင်ဘာလ စင်ကာပူတွင် ကျင်းပမည့် (၁၃)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံသို့ တင်ပြနိုင်ရန် မျှော်လင့်ထားကြသည်။

အစဉ်တစိုက် စည်းလုံးညီညွတ်သော အာဆီယံအသင်းကြီးသည် ပဋိညာဉ်စာတမ်းကြီး ပေါ်ထွန်းလာပြီးနောက် ပိုမိုစည်းလုံး တက်ကြွထက်မြက်စွာ တိုးတက်မှုအပေါင်းလက္ခဏာများ တိုးပွားလာအောင် ဆောင်ရွက်သွားနိုင်ကြမည်ဖြစ်သည်။ ကျွန်တော့်အနေဖြင့် အာဆီယံ ပဋိညာဉ်စာတမ်းကြီးသည် အာဆီယံမိသားစုဝင် အရှေ့တောင်အာရှနိုင်ငံများ၏ စည်းလုံးညီညွတ်မှု မဏ္ဍိုင်ကြီးဖြစ်သည်ဟု ရှုမြင်မိကြောင်းပါခင်ဗျား။ ။

ပဲခူးမြို့နယ်တွင် အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုး ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်

ရန်ကုန် မေ ၁၄

ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေး ဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း စီမံချက်မှ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်လျက်ရှိသည့် ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေး တတိယအဆင့်ဖြစ်သည့် အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးရေး အစီအစဉ်လုပ်ငန်းများကို ယနေ့မှ မေ ၂၇ရက်အထိ ပဲခူးတိုင်းအရှေ့ပိုင်း၊ အနောက်ပိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့ရှိ မြို့နယ်များအားလုံး၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်း ပဲခူးခရိုင်ရှိ ဝက်သက်ကာကွယ်ဆေးထိုးစုရပ်များသို့ ကွင်းဆင်းကြီးကြပ်ရေး အဖွဲ့ဝင်များသည် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်)ရန်ကုန်မှ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် သွားရောက်ကြီးကြပ်အားပေးသည်။

ကြီးကြပ်စစ်ဆေး

အဆိုပါအဖွဲ့ဝင်များသည် နံနက်ဈနာရီခွဲတွင် ပဲခူးမြို့နယ် အင်းတကော်ကျေးရွာအုပ်စု သာယာကုန်းကျေးရွာရှိ ဝက်သက်ကာကွယ်ဆေးထိုးစုရပ်သို့ ရောက်ရှိရာ ပဲခူးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာငွေးအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ကြီးကြပ်ရေးအဖွဲ့နှင့် ပူးပေါင်းကာ ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ စီစဉ်ပေးကြသည်။ ထို့မှတစ်ဆင့် ပဲခူးမြို့ ကျွန်းသာယာရပ်ကွက် ဆေးသုံးစုရပ်၊ ဖိုင်းဂနိုင်းတောင်ပိုင်း ဆေးထိုးစုရပ်၊ မယင်းကျေးရွာ ဆေးထိုးစုရပ်နှင့် ပျဉ်ပုံကြီးစံပြကျေးရွာ ဆေးထိုးစုရပ်များသို့ သွားရောက်ကြီးကြပ်စစ်ဆေးကြသည်။

ဝက်သက်ကာကွယ်ဆေး

အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုး လုပ်ငန်းများကို ပဲခူးမြို့နယ်အတွင်းရှိ အသက်၉လမှ ၅နှစ် အတွင်းရှိ ကလေးငယ်ပေါင်း ၆၁၉၃၁ ဦးတို့အား ဆေးထိုးစုရပ်ပေါင်း ၆၇၂ခုတွင် တာဝန်ရှိသူ ကျန်းမာရေး ဝန်ထမ်းများက ကာကွယ်ဆေးများကို သတ်မှတ်ရက်အတွင်း ထိုးပေးကြမည်ဖြစ်သည်။

(သတင်းစဉ်)

15-5 (05) 1 5/14/07, 1:11 PM

သမန်းနှီး ပေါင်းသင်၊ ပေါင်းရှင်းခြင်းလုပ်ငန်း ပုံမှန်ဆောင်ရွက်၊ မြေသြဇာကြွပက်ကျွေးမွေး သီးနှံဖျက်ပိုးမကျရောက်စေရေး ပိုးသတ်ဆေးပက်ဖျန်း၊ သီးနှံအထွက်တိုးရေး ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် မေ ၁၄

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌတိုင်းမှူး၏ဇနီးဒေါ်ခင်ပြုံးဝင်း၊ မန္တလေးတိုင်း စိုက်ပျိုးရေး ကြီးကြပ်ညှိနှိုင်းမှု အဖွဲ့ဝင်များ၊ တိုင်းမြေစာရင်းဦးစီးမှူးဦးချစ်ဆွေ၊ တိုင်းသာသနာရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းနှင့် တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မေဇရက်မွန်းလွဲပိုင်းက မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့ ရှမ်းပွဲရပ်ကွက်ရှိ မင်းရာမဘုရားသို့ ရောက်ရှိကြသည်။

အဆိုပါ ဘုရားဓမ္မာရုံနှင့်သာသနိကအဆောက်အအုံများ လှူဒါန်းပွဲ အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှဗိုလ်မှူးချုပ်လှမြင့်၊ ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဦးခိုင်နှင့် အဖွဲ့ဝင်များ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ပျော်ဘွယ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အလှူရှင်မိသားစုများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အစီအစဉ်အရ တိုင်းမှူးနှင့် အလှူရှင်ဦးအီထွေးတို့က မင်းရာမဘုရား ဓမ္မာရုံနှင့် သာသနိကအဆောက်အအုံတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလှူကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

ကြက်ဆူကိုင်းပျိုးထောင်

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ပျော်ဘွယ်မြို့နယ် မင်းလမ်းအုပ်စု၊ ဆားတောင်ရွာမြောက်ဘက်တွင် ပျော်ဘွယ်မြို့နယ် လုပ်ငန်းရှင်များ အသင်း၏ ကြက်ဆူပင် ၁၂၀၀၀၀ ပျိုးထောင်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး တိုင်းမှူးနှင့် ဇနီးတို့က ကြက်ဆူပျိုးအိတ်များ အတွင်း ကြက်ဆူကိုင်းများပျိုးထောင်ပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

မှာကြား

ထို့နောက် တိုင်းမှူးသည် ကြက်ဆူပျိုးခြံအတွင်း အောင်မြင်ရှင်သန်လျက်ရှိသည့် ကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးပြီး ရှင်သန်ဖြစ်ထွန်းမှုကို ဆက်လက်ထိန်းသိမ်းရေး၊ လိုအပ်သည့်မြေသြဇာနှင့် အပင်အားဆေးများ ကျွေးရေးနှင့် အောင်မြင်ဖြစ်ထွန်းသည်အထိ စိုက်ပျိုးသွားကြရေးတို့ကို တာဝန်ရှိသူများအား မှာကြားကာ ဆက်လက်ထွက်ခွာသွားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ညနေ ၄ နာရီတွင် မိတ္ထီလာမြို့နယ် သီးကုန်းကျေးရွာအုပ်စု ကွင်းအမှတ် ၈၅၂ ရှိ တောင်သူ ဦးမဲကြီး၏ လယ်တွင် စိုက်ပျိုးထားသည့် ရေစင်းလုံးသွယ် နွေစပါးဧက ၁၀၀ တွင် အောင်မြင်ဖြစ်ထွန်းနေသည့် စပါးများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

အဆိုပါ စပါးစိုက်ခင်းနှင့် ပတ်သက်၍ တိုင်းမှူးက မှာကြားရာတွင် သမန်းနှီး ပေါင်းသင်၊ ပေါင်းရှင်းခြင်းလုပ်ငန်းကို ပုံမှန်ဆောင်ရွက်ရန်၊ မြေသြဇာများ ကြွပက်ကျွေးမွေးရန်၊ သီးနှံဖျက်ပိုးများမကျစေရေးအတွက် ပိုးသတ်ဆေးများ ပက်ဖျန်းရေးနှင့် အထွက်တိုးကောင်းမွန်ရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး တာဝန်ရှိသူများကို မှာကြားကာ ဆည်ရေသောက်လယ်များ ရေရရှိမှု အခြေအနေနှင့် မြောင်းမကြီးတို့ကို ကြည့်ရှုစစ်ဆေးသည်။

လျာထားချက်ပြည့်မီကျော်လွန်

မိတ္ထီလာမြို့နယ်အတွင်း ၂၀၀၆-၂၀၀၇ ခုနှစ်တွင် နွေစပါးစိုက်ပျိုးရန် လျာထား ၂၃၄၆ ဧကဖြစ်ပြီး စိုက်ပျိုးပြီးဧကမှာ ၂၃၈၅ ဧကဖြစ်သဖြင့် လျာထားချက်ပြည့်မီကျော်လွန်သည်အထိ စိုက်ပျိုးပြီးဖြစ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ် ကန်သာကျေးရွာ အုပ်စု ကွင်းအမှတ် ၆၁၂ရှိ တောင်သူ ဦးမောင်ရှိန်၏ လယ်မြေစုစုပေါင်း ဧက ၂၀၇ ဧကတွင် ငွေချည်(၆)ဝါမျိုးစိုက်ပျိုးထားရှိမှုနှင့် သက်တမ်းနှစ်လရှိဝါပင်များ ဖြစ်ထွန်းနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ကွင်းအမှတ် ၆၁၁ရှိ တောင်သူ ဦးပွား၏ လယ်တွင် ရေစင်းလုံးသွယ်နွေစပါး စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးသည်။

မိတ္ထီလာမြို့နယ်အတွင်း ၂၀၀၇-၂၀၀၈ ခုနှစ် မိုးကြိုချည်မျှင်ရှည်ဝါ ဆည်/ကန်အလိုက် လျာထားဧကမှာ ဧက ၅၀၀ ဖြစ်ပြီး စိုက်ပျိုးပြီး ဝါများမှာ ငွေချည်(၆) ၃၂၄ ဧက၊ ငွေချည်(၁) ၇၅ ဧက၊ ငွေချည်(၂) ၁၀၇ ဧကဖြစ်ကာ စုစုပေါင်း ၅၀၆ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့ပြနှင့်ကျေးလက် ဆက်သွယ်သွားလာမှုကောင်းမွန်ရေး မြစ်ကြီးနားတွင် ကျေးလက်တံတားနှစ်စင်း ဆောက်လုပ်

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့နယ်တာဝန်ခံ အရာရှိ ဦးဇော်မိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင်တို့သည် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ပြီးစီးသွားသော မြစ်ကြီးနားမြို့နယ် ပမ္မတီးကျေးရွာ မြဝတီရပ်/သံအနီး မြို့ရှောင်ကွင်းလမ်းပေါ်တွင်အရှည် ၂၂ပေ x ၁၀ပေ x၄ပေ ရှိ အုတ်ခုံခုံ သစ်သားတံတားနှင့်နောင်ပုံကျေးရွာ-မြစ်ကြီးနားမြို့ ဆက်စပ်လမ်းပေါ်တွင် အရှည်ပေ ၁၀၀x ၁၂ပေ x ၁၀ ပေ ရှိတံတားနှစ်စင်း ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့်စံချိန်စံညွှန်း ကောင်းမွန်မှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးရာ ကျေးလက်လုပ်ငန်း တာဝန်ခံအငယ်တန်းအင်ဂျင်နီယာ (၂)ဦးအောင်ဇော်ခိုင်က ရှင်းလင်းပြသသည်။ အဆိုပါ တံတားနှစ်စင်း ဆောက်လုပ်ပြီးစီးသွားသဖြင့် မြို့ပြနှင့် ကျေးလက်ဆက်သွယ်သွားလာမှု ကောင်းမွန်ပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေး တိုးတက် ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ကျောက်ဆည် ဟံမြင့်မိုရ် အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်

ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၂၉ရက် နံနက် ၉နာရီက အဆိုပါကျောင်းခန်းမဆောင်တွင် ကျင်းပရာ ကျောင်းသား ကျောင်းသူဟောင်းများက အနန္တဂိုဏ်းဝင်ဆရာ ဆရာမကြီး ၂၈ဦးတို့အား လက်ဆောင်ပစ္စည်းများဖြင့် ကန်တော့ကြပြီး ဆရာကြီး ဦးအောင်စိုးက ဆုံးမစကားများပြောကြားသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူဟောင်းများက Printer နှင့် UPS အား လှူဒါန်းရာ ဟံမြင့်မိုရ် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းလှက လက်ခံယူ၍ ကျေးဇူးတင်စကားပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

ကျန်းမာရေးပညာပေး(နည်းပြ)သင်တန်းဖွင့်

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကျန်းမာရေး ပညာပေး(နည်းပြ) သင်တန်းဖွင့်ပွဲကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်ဝင်းက အမှာစကား ပြောကြားပြီး ကျန်းမာရေးဆိုင်ရာ နည်းပညာများကို မြို့နယ်လက်ထောက်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်သိန်းထွေးနှင့် ဒေါက်တာဒေါ်ဝင်းဝင်းခိုင် တို့က သင်ကြားပို့ချခဲ့သည်။ သင်တန်းသို့ အသင်းခွဲများမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ၆၀ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း

ပြည်တွင်းသတင်း

အတိုအထွာ

ဓမ္မဝိတီဆရာတော် သစ္စာတရားဟောကြားမည်

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၅)မေခလမ်း သစ်ဆိမ့်ကုန်းရပ်ရှိမိုးကုတ်ဝိပဿနာနိဗ္ဗာန်ရွှေဂူတောရရိပ်သာ ပဓာန နာယက ဓမ္မဝိတီ ဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ B.A)သည် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၇၂ နတ်မောက်လမ်း ရှိ မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီး၏ တစ်လနှစ်ကြိမ် ကျင်းပအပ်သော ဝါပ ၁၀ ရက်တရားစခန်းပွဲ၏ ဇွန်လပထမပတ်တရားစခန်းပွဲ ဇွန် ၅ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် တရားစခန်းပွဲကြီးတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာ လေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ အသေးစိတ် သိလိုပါက ဖုန်း-၅၄၁၈၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

အင်းစိန် အထက(၁) ကျောင်းသား လက်ခံရေးစည်းဝေး သန့်စင်ခန်းများပြုပြင်ရန် အလှူငွေပေးအပ်

ရန်ကုန် မေ ၁၄

အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၏ ကျောင်းသား ကျောင်းသူများ လက်ခံရေး ညှိနှိုင်းအစည်းအဝေးနှင့် သန့်စင်ခန်းများ ပြုပြင်ရန် အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၂ ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးမျိုးဆွေနှင့် မိဘဆရာအသင်းဥက္ကဋ္ဌကျောင်းအုပ်ကြီးဦးအောင်ကြည်တို့က အမှာစကားပြောကြားကြပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းက သန့်စင်ခန်းအချို့ ပြင်ဆင်ထားမှုနှင့် အလှူငွေရရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြ၍ မိဘဆရာအသင်းအမှုဆောင်များနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များက အကြံပြုဆွေးနွေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် သန့်စင်ခန်းများပြုပြင်ရန်အတွက် အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက် အောင်ဇေယျအိမ်ရာနေ ဦးမြင့်စိုးမိသားစု၏ အလှူငွေ ကျပ်တစ်သိန်းကို အလှူရှင်ကိုယ်စား ဦးအေးသိန်းကလည်းကောင်း၊ ကမ်းနား အလယ်ရပ်ကွက် အောင်ဇေယျအိမ်ရာနေ ဦးထွန်းအောင်ကျော်-ဒေါ်သန်းသန်းအေး မိသားစုက အလှူငွေကျပ်ငါးသောင်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌတို့က လက်ခံကြသည်။

ဆက်သွယ်နိုင်

အဆိုပါကျောင်းရှိ သန့်စင်ခန်းများကို ပြုပြင်လျက်ရှိရာ လှူဒါန်းလိုသူများသည် ကျောင်းအုပ်ကြီး ဖုန်း-၆၄၀၀၄၃၊ဦးသန်းအောင် ဖုန်း-၆၄၂၁၄၈၊ ဦးမြင့်စိုး ဖုန်း-၆၄၀၈၇၆၊ ဦးထိန်ဝင်း ဖုန်း-၆၄၃၅၂၁ နှင့် ဦးစံချိန် ဖုန်း-၆၄၁၈၆၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နွားထိုးကြီးမြို့နယ်ရုံးက ကြီးမှူး၍ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖလံကုန်းကျေးရွာ သန္တာရုံစာကြည့်တိုက်၌ မေ ၁ ရက်က ကျင်းပရာ မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက စာကြည့်တိုက်ရှိ စာအုပ်များထိန်းသိမ်းထားသိုမှု စနစ်များကို လက်တွေ့သရုပ်ပြရှင်းလင်းပြသကြသည်။

ထို့နောက် သင်တန်းသားများအားစာကြည့်တိုက် ရေရှည်တည်တံ့ရေး လုပ်ငန်းစဉ်များ၊ စာအုပ်စာစောင် စုဆောင်းရရှိရေး စည်းရုံးဆောင်ရွက်ရန်နှင့် ငွေပဒေသာပင် စိုက်ထူနိုင်ရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြင်ဦးလွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အသိအမှတ်ပြုလွှာနှင့် ရင်ထိုးတံဆိပ်ပေးအပ်

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အသိအမှတ်ပြုလွှာနှင့် ရင်ထိုးတံဆိပ် ပေးအပ်ပွဲ အခမ်းအနားကို မေ ၄ရက်က ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်က ချမှတ်ထားသည့် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စများအပြင် ရပ်ကွက်၊ ကျေးရွာ အကျိုးကိုလည်း ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားကြရန်ပြောကြားပြီး ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာလွင်နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီဝင်းတို့က အသင်း အသိအမှတ်ပြုလွှာနှင့် ရင်ထိုးတံဆိပ် ၃၃၃၂ခုတို့ကို ရပ်ကွက်၊ ကျေးရွာအသင်းဥက္ကဋ္ဌများအား ပေးအပ်ကြောင်း သိရသည်။

(၂၈၀)

လေယာဉ်ရှောင်ကွင်းလမ်း ကတ္တရာလမ်းဖွင့်

အမ်းမြို့နယ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော လေယာဉ်ရှောင်ကွင်းလမ်း (ခေါ်) တောရပ်ကျောင်း လမ်းဖွင့်ပွဲကို မတ် ၂၆ ရက်က ကျင်းပသည်။ ကတ္တရာလမ်းမှာ အမ်းမြို့သစ်၊ အမ်းမြို့ဟောင်းနှင့် အမ်းလေယာဉ်ဆိပ်သို့ အချိန်တိုအတွင်း လွယ်ကူစွာသွားလာနိုင်၍ အလျား ၇၆၇၅ပေ၊ အကျယ် ၁၈ ပေ မြေသားအား ကတ္တရာခင်းခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

(၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား မုံရွာ၌ကျင်းပ တိုင်းမှူးဗိုလ်ချုပ်သာအေး တက်ရောက်မိန့်ခွန်းပြောကြား

မုံရွာ မေ ၁၀

(၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မုံရွာမြို့ မီးသတ်ဦးစီးဌာန၌ မေ ၅ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးအား မီးသတ်တပ်ဖွဲ့စစ်ကြောင်းများက အလေးပြုကြသည်။ ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက မီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားသည်။

ဆုချီးမြှင့်

ဆက်လက်ပြီး ဆုများချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက စစ်ကိုင်းတိုင်း အတွင်း အကြိုအခြေခံမီးသတ်သင်တန်း အများဆုံး ဖွင့်လှစ်ပို့ချနိုင်မှု ဆုရရှိသည့် ဟုမ္မလင်းမြို့နယ်အား လည်းကောင်း၊ စစ်ကိုင်းတိုင်းအတွင်း အကောင်းဆုံး မီးသတ်စခန်း သန့်ရှင်းသာယာလှပရေး ဆုရရှိသည့် စစ်ကိုင်းမြို့နယ်အား လည်းကောင်း ဆုများချီးမြှင့်သည်။

တူညီဝတ်စုံထောက်ပံ့

ဆက်လက်၍ ၂၀၀၇ခုနှစ် (၆၁) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ တူညီဝတ်စုံများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကိုကျင်းပရာ အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ ထောက်ပံ့သော တူညီဝတ်စုံ ၁၀၀ကို စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးက လှူဒါန်းရာ စစ်ကိုင်းတိုင်း မီးသတ်ဦးစီးမှူး ဦးတင်မင်းက လက်ခံရယူသည်။

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ထောက်ပံ့သော တူညီဝတ်စုံ ၁၀၀ ကို စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား တိုင်း အတွင်းရေးမှူး ဦးဝင်းကြည်က ပေးအပ်လှူဒါန်းရာ စစ်ကိုင်းတိုင်း မီးသတ်ဦးစီးမှူး ဦးတင်မင်းက လက်ခံရယူသည်။

အလှူငွေပေးအပ်

မီးဘေးကာကွယ်ရေးလုပ်ငန်းများ အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ အောင်မြသန်းရေယာဉ်ပိုင်ရှင် ဦးမျိုးဝင်းက ငွေကျပ် ၁၅သိန်း၊ စွမ်းအားဖွံ့ဖြိုးကုမ္ပဏီက ငွေကျပ် ၁၀သိန်း၊ ဟွန်ဒါမြန်မာ ကုမ္ပဏီက ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အလှူငွေများပေးအပ်လှူဒါန်းကြရာ ငွေကြယ်စင် စက်မှုလုပ်ငန်းကုမ္ပဏီက ငွေကျပ်ငါးသိန်း၊ တင်ဝင်းထွန်းကုမ္ပဏီကငွေကျပ်သုံးသိန်း၊ ခနအောင်ကုမ္ပဏီက ငွေကျပ်သုံးသိန်း၊ ရွှေအုပ်စုကုမ္ပဏီလီမိတက်က ငွေကျပ်နှစ်သိန်း၊ မအူစက်သုံးဆီ အရောင်းဆိုင်များက ငွေကျပ်နှစ်သိန်းကို ပေးအပ်လှူဒါန်းကြရာ တိုင်းအတွင်းရေးမှူး ဦးဝင်းကြည်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ကုန်စည်ဒိုင်(မုံရွာ)က ငွေကျပ်တစ်သိန်း၊ မထသမုံရွာက ငွေကျပ်တစ်သိန်း၊ မုံရွာစက်မှုဇုန် စီမံခန့်ခွဲမှု ကော်မတီက ငွေကျပ်တစ်သိန်း၊ သလ္လာရွှေစင် ရွှေဆိုင်က ငွေကျပ်ငါးသောင်း၊ မျိုးမြတ်တည်းခိုခန်းက ငွေကျပ်ငါးသောင်းကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

မီးသတ်စွမ်းရည်ပြသ

ဆက်လက်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စွမ်းရည်အမျိုးမျိုးပြသကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်တိုင်း စမ်းချောင်း မြို့နယ် ပြည်သူ့ ကွက်သစ် (၂) လမ်း အမှတ် ၉ နေ ဦးမောင်ညွှန့်-ဒေါ်တင်ရီ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေ ကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဘဏ္ဍာတော်ထိန်း ဦးတင်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



မန္တလေးတိုင်း၌ ဝင်းသူဇာ အရောင်းဆိုင်များဖွင့် ကျေးရွာပြည်သူများ အထူးနှစ်ခြိုက်အားပေး

နေပြည်တော် မေ ၁၄

အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာအရောင်းဆိုင် (ပျော်ဘွယ်) ဖွင့်ပွဲ အခမ်းအနားကို မေ ၁၂ရက်က မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်ရှိ အရောင်းဆိုင်တည်ရှိရာ မြင်းဘက်ရပ်ကွက်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ရမည်းသင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဦးခိုင်နှင့် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း အထွေထွေမန်နေဂျာ (ရောင်းဝယ်ရေး) ဦးသန့်စင်တို့က ဝင်းသူဇာအရောင်းဆိုင်(ပျော်ဘွယ်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေက စက်ခလုတ်နှိပ်၍ ဝင်းသူဇာအရောင်းဆိုင် (ပျော်ဘွယ်) ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကာ တက်ရောက်လာသူများက ဝင်းသူဇာအရောင်းဆိုင်ကို လှည့်လည်ကြည့်ရှုကြသည်။

ဝင်းသူဇာအရောင်းဆိုင် (ပျော်ဘွယ်)တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းအသီးသီးက ထုတ်လုပ်သော အဝတ်အထည်၊ စားသောက်ကုန်ပစ္စည်း၊ ဆေးဝါး၊ ဆပ်ပြာနှင့်လူသုံး၊ အိမ်သုံးပစ္စည်း၊ ဗလာစာအုပ်၊ ဆပ်ပြာမှုန့်၊ ဆပ်ပြာရည်၊ စက်ဘီး၊ အပ်ချုပ်စက်၊ စတီးလ်ပစ္စည်း၊ ထီး၊ ဖိနပ်နှင့် ကြွေရည်သုတ်ပစ္စည်း အမျိုးမျိုးတို့ကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ရောင်းချပေးလျက်ရှိရာ ရပ်ကွက်နှင့် ကျေးရွာပြည်သူလူထုက အထူးနှစ်ခြိုက်အားပေး ဝယ်ယူလျက်ရှိကြသည်။

ဝင်းသူဇာ (ရမည်းသင်း)

အလားတူ ဝင်းသူဇာ (ရမည်းသင်း) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က မန္တလေးတိုင်း ရမည်းသင်းမြို့နယ် ရန်ကုန်-မန္တလေးအဝေးပြေး လမ်းမကြီးနှင့် မေတ္တာလမ်းထောင့်၌ ကျင်းပရာ ရှေးဦးစွာ မြန်မာ့အထည်အလိပ်လုပ်ငန်း ခေတ္တအထွေထွေမန်နေဂျာ ဒေါ်ချိုမမလေးက ဝင်းသူဇာ အရောင်းဆိုင်(ရမည်းသင်း) ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဦးခိုင်နှင့် ရမည်းသင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ဆွေတို့က ဝင်းသူဇာ အရောင်းဆိုင်(ရမည်းသင်း) ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး မြန်မာ့အထည်အလိပ်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က စက်ခလုတ်နှိပ်၍ ဝင်းသူဇာအရောင်းဆိုင်(ရမည်းသင်း)ကို ဖွင့်လှစ်ပေးကာ တက်ရောက်လာကြသူများက အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ရောင်းချပေးလျက်ရှိ

ဝင်းသူဇာ အရောင်းဆိုင်(ရမည်းသင်း)တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန လုပ်ငန်းဌာနအသီးသီးမှ ထုတ်လုပ်သော ပစ္စည်းအမျိုးမျိုးတို့ကို နေ့စဉ် နံနက် ၈နာရီမှ ညနေ၅ နာရီအထိ ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း(ရန်ကုန်တိုင်း) သင်တန်းဆင်းပွဲနှင့် သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၄

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(ရန်ကုန်တိုင်း) အမှတ်စဉ် (၁၂)သင်တန်း ဆင်းပွဲနှင့် အမှတ်စဉ် (၁၃)သင်တန်းဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကင်းမြို့နယ် ဓမ္မိကာရာမ ကျိုက်ပိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဂုဏေသန အမှူးပြုသော သံဃာတော် အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းအုပ်ဆရာတော်ကြီးနှင့် သင်တန်းဆင်း သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြကာ သာသနာရေးဦးစီးဌာန အကြံပေးအရာရှိ ဦးထင်မျိုးနှင့် တာဝန်ရှိသူများ၊ သာသနာရေးဝန်ကြီးဌာနအရာရှိ မွမ်းမံသင်တန်းမှ အရာရှိ သင်တန်းသားများ၊ ဥပတ္ထမ္ဘကအဖွဲ့ဝင်များ၊ ဒါယကာ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကင်းမြို့နယ် ဓမ္မိကာရာမကျိုက်ပိ ကျောင်းဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဂုဏေသနထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

သင်တန်းဆိုင်ရာလျှောက်ထား

ဆက်လက်၍ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒ သင်တန်းဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌထံမှ ဩဝါဒကထာ နာယူကြပြီး သာသနာရေးဝန်ကြီးဌာန အကြံပေး အရာရှိ ဦးထင်မျိုးက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ထို့နောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

သင်တန်းဆင်းလက်မှတ်ချီးမြှင့်

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေနံချောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယက သင်တန်းဆင်း သံဃာတော်များအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။**(အပေါ်ပုံ)**

ထို့နောက် ဥပတ္ထမ္ဘကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးလှမိုးက နိဂုံးချုပ် ကျေးဇူးတင်စကားလျှောက်ထားပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

တက်ရောက်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း(ရန်ကုန်တိုင်း) အမှတ်စဉ် (၁၂) သင်တန်းဆင်းပွဲသို့ သင်တန်းဆင်း သံဃာတော် စုစုပေါင်း ၂၇ ပါးနှင့် အမှတ်စဉ်(၁၃)သင်တန်းဖွင့်ပွဲသို့ သံဃာတော် စုစုပေါင်း ၃၁ပါး တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း လှိုင်မြို့နယ် အေးရိပ်မွန်အိမ်ရာ ၄ဝါလမ်းနေ ဗိုလ်ချုပ်သာအေး၊ ဒေါ်ဝေဝေခိုင်တို့အား အမှူးထား၍ သမီး မမေခိုင်စိုး၏ မွေးနေ့အထိမ်းအမှတ် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဒို့ကျေးရွာ ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၀) ထွက်ပြီ

မြန်မာ့တစ်ဆယ့်နှစ်လ ရာသီ၏ ဒုတိယမြောက်လ ပြိဿရာသီ ကဆုန်လ၏ စကားပန်း၊ ခရားပန်းရနံ့များနှင့်အတူ ကျေးလက်ပြည်သူတို့အား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် သုတ၊ ရသ၊ ဗဟုသုတအဖြာဖြာတို့ကို ဖော်ပြပေးနေသည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၁၀)ကို မေ ၁၅ရက် (ယနေ့) ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် **အချိန်ခါကိုက်ညီ ခူးဆွတ်မည့် ဝင်ငွေတိုးတက် ရွှေဖီလက်ဖက်၊ စပါးပန်းတိုင်အထွက်နှုန်း တင်းတစ်ရာ ထွက်ရှိအောင်၊ မိသားစုနောင်ရေး စိတ်အေးစေဖို့ ရော်ဘာစိုက်ပျိုးကြစို့၊ စီးပွားဖြစ် ဝါးစိုက်ပျိုးပါ၊ စီးပွားဖြစ် သရက်စိုက်ပျိုးရေး** စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ **ရွှေကနဖော့ကြာရိုးဖြူ ဆေးဖက်ဝင် သဘော်မဲဇလီပင်၊ ဆီးချိုရောဂါနှင့် ခွံမာသီး၊ ကျန်းမာရေးအတွက် ထောပတ်သီး၊ မှတ်ဉာဏ်စွမ်းရည်ပိုကောင်းစေရန် လေ့ကျင့်ခန်းလုပ်ပါ** စသည့် ကျန်းမာရေးဆောင်းပါးများ၊ **သဘာဝနည်းဖြင့် ပြုလုပ်သော အစားအစာများ ထုတ်လုပ်ရေး၊ ကျေးလက်ပျိုဖြူတို့၏ အိမ်တွင်းမှု အနုပညာလုပ်ငန်း၊ ကမ္ဘာနှင့်မြန်မာ၊ မောင်းကလေးသံကြားရပြီ၊ မြန်မာတို့ချစ်သည့် ကိုရီးယားမင်းသား** စသည့် သုတ၊ ရသ၊ ဆောင်းပါးများနှင့် ဗဟုသုတဖြစ်ဖွယ်ရာ သတင်း၊ ဝတ္ထုတို၊ ပုံပြင်၊ ကဗျာ၊ ကာတွန်းများ စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ် အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင် ကျပ်၁၅၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ် ၂၂/၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း- ၃၇၃၃၄၀၊ ၃၇၃၃၄၂ သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

မန္တလေးတိုင်း၊ ဗုဒ္ဓဂယာမြေမြတ် မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာ ရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်း(ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်မြို့ အဆင့်မြင့်မင်္ဂလာဈေး မြေညီထပ် ဆိုင်အမှတ် ၃၁၉ (ဒေါ်ကြူကြူ ဇာအမျိုးမျိုးရောင်းဝယ်ရေး) ဦးတူး-ဒေါ်ကြူကြူခိုင် မိသားစုက ကျောင်းတစ်ခန်းအတွက် အလှူငွေကျပ် ၂၅ သိန်း လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ (နာလန္ဒာ)၏ ရှေ့မှောက်၌ အမှုဆောင် မကြည်ကြည်ခိုင် လက်ခံယူစဉ်။ (က-ပ)

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ထိုင်းသံအမတ်ကြီးတွေ့ဆုံ စွမ်းအင်ကဏ္ဍ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mr.Bansarn Bunnag လာရောက်တွေ့ဆုံစဉ်။ (စွမ်းအင်)

နေပြည်တော် မေ ၁၄

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mr.Bansarn Bunnag သည် မေ ၁၁ရက်တွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနားကို ရည်ရွယ်ချက်နှစ်ရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ပထမအကြိမ် စက်အရန်ပစ္စည်းများ ခင်းကျင်းပြသပွဲတွင် လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပြီး စက်အရန်ပစ္စည်း အရေအတွက်များစွာကို ထုတ်လုပ်ပေးနိုင်ခဲ့သဖြင့် မိမိတို့ဝန်ကြီးဌာနမှ ဝယ်ယူသုံးစွဲနိုင်ခဲ့ကြောင်း၊ ယခုအခါ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသော စက်မှုဇုန်များ၏ အနေအထားအရ စက်ပစ္စည်း အမယ်သစ်များ ထပ်မံတိုးမြှင့် ထုတ်လုပ်ပေးနိုင်သည့် အခြေအနေရှိလာ၍ တိုးမြှင့်ထုတ်လုပ်ပေးသွားနိုင်ရေးသည် ပထမရည်ရွယ်ချက်ဖြစ်ကြောင်း၊ ဒုတိယရည်ရွယ်ချက်မှာ လုပ်ငန်းရှင်များနှင့် တစ်ဦးချင်းညှိနှိုင်းထုတ်လုပ်နေခြင်းထက် ယခုကဲ့သို့ ပညာရှင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် မိမိတို့ဝန်ကြီးဌာနရှိ ပညာရှင်ဝန်ထမ်းများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းက ပိုမိုအကျိုးရှိ အောင်မြင်မည်ဟု ယုံကြည်၍ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ရည်မှန်းဆောင်ရွက်နေရာတွင် စိုက်ပျိုးရေးကို အခြေခံပြီး စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပုံနှိပ်စက်ရုံများအနေဖြင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၌ ရန်ကုန်မြို့တွင် လေးရုံ၊ နေပြည်တော်တွင် တစ်ရုံ၊ ပြည်နယ်နှင့်တိုင်းများရှိ မြို့ကြီးများတွင် ရှစ်ရုံ စုစုပေါင်း၁၃ရုံရှိပြီး ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၌ ရန်ကုန်မြို့တွင် ငါးရုံ၊ နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် တစ်ရုံစီဖြင့် စုစုပေါင်း ခုနစ်ရုံရှိကြောင်း။

၎င်းတို့အနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် ပတ်လည်စက် ခြောက်လုံး၊ ရွက်ထိုးစက် ၁၄လုံး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းတွင် ပတ်လည်စက် ၁၀လုံး၊ ရွက်ထိုးစက် ၁၁လုံးနှင့် ခဲစာလုံးပုံနှိပ်စက်၂၀ စုစုပေါင်း ပုံနှိပ်စက်ပေါင်း ၆၁လုံးဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း။

တိုးမြှင့်ထုတ်လုပ်

အဆိုပါစက်များအတွက် စက်အရန်ပစ္စည်း အမျိုးပေါင်းများစွာကို ပြည်ပမှ ဝယ်ယူသုံးစွဲနေရကြောင်း၊ တစ်နိုင်ငံလုံးတွင် မိမိတို့သုံးစွဲနေသည့် ရွက်ထိုးစက်၊ ပတ်လည်စက်များနှင့် အမျိုးတူသုံးစွဲနေသည့် ပုဂ္ဂလိကစက်များလည်း များပြားစွာရှိရာ ပြည်တွင်းမှ စက်မှုလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ ပြည်ပမှ ဝယ်ယူအသုံးပြုနေရသော စက်အရန်ပစ္စည်းများကို ပြည်တွင်း၌ တိုးမြှင့်ထုတ်လုပ်ပေးနိုင်ပါက ဈေးကွက်ကျယ်ပြန့်မှုရှိသဖြင့် အကျိုးကျေးဇူးများ များစွာရနိုင်မည်ဖြစ်ပြီး မိမိတို့ဝန်ကြီးဌာန အနေဖြင့်လည်း နိုင်ငံခြားငွေ ခြိုးခြံချွေတာရာရောက်မည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ စက်မှုလုပ်ငန်းရှင်များအနေဖြင့် ပထမအကြိမ် ညှိနှိုင်းမှုအရ ထုတ်လုပ်ပေးနိုင်ခဲ့သည့် စက်အရန်ပစ္စည်းများထက် ယခုတစ်ကြိမ်တွင် စက်အရန်ပစ္စည်း အမျိုးအစားများစွာကို ပိုမိုတိုးမြှင့် ထုတ်လုပ်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် စက်မှုဖွံ့ဖြိုးရေးဆိုင်ရာ လေ့လာရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဥက္ကဋ္ဌ ကိုယ်စား ဒုတိယဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က စက်မှုဖွံ့ဖြိုးရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ၌ ပြည်တွင်း၌ မိမိတို့စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများတွင် အသုံးပြုနေသော စက်ကိရိယာများ၏ စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ပါက နိုင်ငံခြားငွေချွေတာ သက်သာခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြင့် အရန်ပစ္စည်း မြန်မြန်ဆန်ဆန် ရရှိကာ စက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် အထောက်အကူပြုခြင်း၊ ပြည်တွင်းပညာရှင်များနှင့် လုပ်ငန်းရှင်များ၏ နည်းပညာနှင့် လုပ်နိုင်စွမ်းအား ပိုမိုထက်မြက်မြင့်မားလာစေခြင်း၊ စက်ရုံ၊ အလုပ်ရုံ အငယ်စားများ၊ အလတ်စားများ ပိုမိုပေါ်ထွန်းလာကာ Supporting Industries များအဖြစ် စက်မှုနိုင်ငံထူထောင်ရေး ရည်မှန်းချက်ကို အထောက်အကူရစေခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းပွားများလာကာ ပြည်သူ၏ လူနေမှုဘဝကို တိုးတက်လာစေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ကြောင်း။

စမ်းသပ်ထုတ်လုပ်နေ

စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ထုတ်လုပ်နိုင်ရေးအတွက် ၂၀၀၅ ခုနှစ် အောက်တိုဘာ ၁ရက်မှ ၂၅ရက်အထိ ဝန်ကြီးဌာနအသီးသီးတွင် မိမိတို့ အသုံးပြုနေသော စက်အရန်ပစ္စည်းနှင့်စက်အစိတ်အပိုင်းများကို ခင်းကျင်းပြသနိုင်ခဲ့ပြီး ပြည်တွင်း ပညာရှင်များ၊ ဌာနဆိုင်ရာမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်ဆွေးနွေးပြီး အကြံဉာဏ်၊ အတွေ့အကြုံများကို ပေါင်းစပ်နိုင်ခဲ့သည့်အတွက် ခင်းကျင်းပြသခဲ့သည့် ပစ္စည်းအမယ်ပေါင်း ၆၆၅၀အနက်က ပစ္စည်းအမယ်ပေါင်း ၁၂၇၅မယ်ကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ခဲ့ပြီး နောက်ထပ် ၁၄၃၁ မယ်ကိုလည်း စမ်းသပ်ထုတ်လုပ်နေပြီဖြစ်ကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် တက်ရောက်လာကြသည့် ပညာရှင်များ၊ ဌာနဆိုင်ရာများမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ လုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှု ရလဒ်ဖြစ်သည့်အတွက် ပါဝင်ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များအားလုံးအား အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ပါကြောင်း။

ထိုကဲ့သို့ ဌာနဆိုင်ရာများက ပြသခဲ့သည့် ပစ္စည်းများ၌ သံကြွပ်အခြေပြုသော ပစ္စည်းများ၊ သံမဏိနှင့် သတ္တုစပ် အခြေပြုပစ္စည်းများ၊ ရော်ဘာအခြေပြုသော ပစ္စည်းများ၊ Glass and Ceramic အခြေပြုသောပစ္စည်းများ၊ Plastic and Polymer အခြေပြုသောပစ္စည်းများ၊ Metal Coating အခြေပြုသောပစ္စည်းများ၊ Composite Materials အခြေပြုသောပစ္စည်းများနှင့် Electrical and Electronic အခြေပြုသော ပစ္စည်းများဟူ၍ အုပ်စုရှစ်ခုပါဝင်ခဲ့ကြောင်း။

ထို့ကြောင့် အတတ်ပညာရှင်များ၊ လုပ်ငန်းရှင်များက မိမိတို့ကျွမ်းကျင်အားသာရာအပိုင်းမှ ဝိုင်းဝန်းပြီး အကြံပြုခြင်း၊ နည်းပညာ အကူအညီပေးခြင်း၊ ထုတ်လုပ်ပေးခြင်း စသည်တို့ဖြင့် ပြည်တွင်းစက်ရုံ၊ အလုပ်ရုံများအတွက် လိုအပ်နေသည့် စက်အရန်ပစ္စည်း၊ စက်အစိတ်အပိုင်းများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးအကူအညီပေးကြပါဟု မေတ္တာရပ်ခံရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသွားသည်။

ဆက်လက်၍ စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးအတွက် ခင်းကျင်းပြသထားမှု အခြေအနေများနှင့် စပ်လျဉ်း၍ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းအထွေထွေမန်နေဂျာ ဦးဇော်မင်းဦးက ပဏာမရှင်းလင်းတင်ပြသည်။

ခင်းကျင်းပြသထား

ယင်းနောက် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ(ပုံနှိပ်) ဦးကျော်သူက စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးအတွက် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ စက်အရန်ပစ္စည်း ၃၁၅ မျိုး ခင်းကျင်းပြသထားမှုနှင့် စက်များ၏ ထုတ်လုပ်မှုလုပ်ငန်း အခြေအနေများကိုလည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ မန်နေဂျာ(ပုံနှိပ်) ဦးရန်မျိုးအောင်က သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ စက်အရန်ပစ္စည်း ၁၅၁ မျိုး ခင်းကျင်းပြသထားမှုနှင့် သတင်းစာစက်များ၏ ထုတ်လုပ်လည်ပတ်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ဧည့်သည်တော်များ၊ ပညာရှင်များနှင့် စက်မှုလုပ်ငန်းရှင်များသည် အစည်းအဝေးခန်းမအတွင်း ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းကခင်းကျင်းတင်ပြထားသည့် သံ၊ သံမဏိတို့ဖြင့် ပြုလုပ်ထားသော စက်အရန်ပစ္စည်း ၁၉၅ မျိုး၊ သတ္တုစပ် သံမဏိဖြင့်ပြုလုပ်ထားသော စက်အရန်ပစ္စည်း ၁၀ မျိုး၊ သံမဏိမဟုတ်သော အခြားသတ္တုများဖြင့် ပြုလုပ်ထားသော စက်အရန်ပစ္စည်း နှစ်မျိုး၊ ရော်ဘာဖြင့်ပြုလုပ်ထားသော စက်အရန်ပစ္စည်း ၆၂ မျိုး၊ ပလတ်စတစ်၊ ဖိုင်ဘာနှင့် သစ်သားတို့ဖြင့် ပြုလုပ်ထားသော စက်အရန်ပစ္စည်း ၂၆ မျိုးနှင့် လျှပ်စစ်နှင့် စပ်ဆိုင်သော စက်အရန်ပစ္စည်းအမျိုး ၂၀ အပါအဝင် စုစုပေါင်း စက်အရန်ပစ္စည်း ၃၁၅မျိုးတို့ကိုလည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ခင်းကျင်းတင်ပြထားသည့် သံ၊ သံမဏိတို့ဖြင့် ပြုလုပ်ထားသော စက်အရန်ပစ္စည်း ၉၁မျိုး၊ သတ္တုစပ်သံမဏိဖြင့် ပြုလုပ်ထားသော စက်အရန်ပစ္စည်း ကိုးမျိုး၊ သံမဏိမဟုတ်သော အခြားသတ္တုများဖြင့်ပြုလုပ်ထားသော စက်အရန်ပစ္စည်း ၁၄ မျိုး၊ ရော်ဘာဖြင့်ပြုလုပ်ထားသော စက်အရန်ပစ္စည်း ၁၇ မျိုး၊ ပလတ်စတစ်၊ ဖိုင်ဘာနှင့် သစ်သားတို့ဖြင့် ပြုလုပ်ထားသော စက်အရန်ပစ္စည်း သုံးမျိုးနှင့် လျှပ်စစ်နှင့်စပ်ဆိုင်သော စက်အရန်ပစ္စည်း ၁၇ မျိုး အပါအဝင် စုစုပေါင်း စက်အရန်ပစ္စည်း ၁၅၁ မျိုးတို့ကို လည်းကောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ နေပြည်တော် ပုံနှိပ်စက်ရုံနှင့် အထက်မြန်မာပြည် ပုံနှိပ်စက်ရုံ၊ ဂျီတီစီနှင့် အောင်ဆန်းပုံနှိပ်စက်ရုံနှင့် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံတို့၏ ပုံနှိပ်စက်နှင့် လုပ်ငန်းသုံးစက်များ နှစ်ပတ်လည် ကြံ့ခိုင်ရေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်နှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်တို့၏ ပုံနှိပ်စက်နှစ်ပတ်လည် စက်ကြံ့ခိုင်ရေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ညှိနှိုင်းဆွေးနွေး

ယင်းနောက် တက်ရောက်လာကြသည့် ပညာရှင်များနှင့် စက်မှုလုပ်ငန်းရှင်များက စက်အရန်ပစ္စည်းနှင့် စက်ပစ္စည်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးအတွက် အကြံပြု ညှိနှိုင်းဆွေးနွေး တင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ပြန်ကြားရေးဝန်ကြီးဌာန စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ခင်းကျင်းပြသပွဲကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ မေ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဆက်လက်ခင်းကျင်းပြသထားမည်ဖြစ်ရာ စက်မှုပညာရှင်များ၊ အတတ်ပညာရှင်များနှင့် ကျွမ်းကျင်သူများ၊ စက်မှုလုပ်ငန်းရှင်များ လာရောက်ကြည့်ရှုလေ့လာနိုင်ကြပြီး ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းများနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ တာဝန်ရှိသူများနှင့် ဆက်သွယ်အကြံပြု ညှိနှိုင်းဆွေးနွေးနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

စက်မှုဖွံ့ဖြိုးရေး ဆိုင်ရာ လေ့လာ ရေး နှင့် ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ ဥက္ကဋ္ဌ ကိုယ်စား ဒုတိယ ဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် စက်မှုဖွံ့ဖြိုးရေးဆိုင်ရာများ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းမှ ခင်းကျင်းပြသထားသော စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

* ရှေ့ဖုံးမှ

ဆက်လက်၍ တိုင်းမှူးက မှာကြားရာတွင် တိုင်းနယ်မြေအတွင်း၌ ဆင်းရွှေလီကြက်ကဲ့သို့ မျိုးကောင်းမျိုးသန့်ကြက်များ ယခုကဲ့သို့ ဖြစ်ထွန်းအောင်မြင်မှုတွေ့ရသည့်အတွက် ဒေသအတွင်း မျိုးကောင်းမျိုးသန့် ကြက်မျိုးများ ဖြန့်ဝေတိုးချဲ့ စိုက်ပျိုးသွားနိုင်မည်ဖြစ်ကြောင်း၊ ကြက်သည် စီးပွားဖြစ်သီးနှံ ၁၀ မျိုးအနက် တစ်မျိုးအပါအဝင်ဖြစ်သည့်အတွက် ပိုမို တိုးချဲ့စိုက်ပျိုးစေလိုကြောင်း၊ နေပြည်တော်ဒေသအတွင်း ကြက်စိုက်ဧက ၄၀၀၀၀ လျာထား သတ်မှတ်ပြီးဖြစ်၍ သတ်မှတ်ဧက ပြည့်မီအောင် စိုက်ပျိုးရန်လိုကြောင်း စသည်ဖြင့်အကျယ်တဝင့် တိုက်တွန်းမှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဗိုလ်ချုပ်မြင့်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စံပြသုတေသနစိုက်ခင်း အမှတ်(၁)သို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ ဗိုလ်မှူးကြီးခင်မောင်ဦးက စံပြစိုက်ခင်း ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်မြင့်လှိုင်နှင့်တိုင်းမှူးတို့က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြကာ ကြက်စိုက်ခင်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မြင့်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တောက်ပြိုရေလှောင်တမံ စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမြင့်က တောက်ပြိုရေလှောင်တမံစီမံကိန်း၏ ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မြင့်လှိုင်နှင့် တိုင်းမှူးတို့က လိုအပ်ချက်များကို မှာကြား၍ စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

တောက်ပြို ရေလှောင်တမံသည် တောက်ပြိုချောင်းပေါ်၌ တည်ရှိ၍ အလျား ၇၂၅ ပေ၊ အမြင့်ပေ ၄၀ နှင့် ရေပမာဏ ၃၃၄၅ ဧကခန့် သိုလှောင်နိုင်သော မြေသား ရေလှောင်တမံတစ်ခုဖြစ်ပြီး စီမံကိန်း ပြီးစီးပါက ဒေသအတွင်း မိုးကောင်းသောက်လယ်မြေများကိုရေသေချာသော ဆည်ရေသောက်မိုးစပါး စိုက်ဧကများနှင့် နွေစပါးဧက ၄၀၀ ခန့် တိုးချဲ့ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဖြိုးစေတနာ အခမဲ့ဆေးကုခန်းဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲတက်ရောက်

ရန်ကုန် မေ ၁၄

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏စီစဉ်မှုဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ဖြိုးစေတနာအခမဲ့ ဆေးကုခန်းဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက် ဖန်စက်လမ်းရှိ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်ချီးမြှင့်ကြပြီး ဆေးကုခန်းကို ဖွင့်လှစ်ပေးသည်။

ဖဲကြိုးဖြတ်ဖွင့်

ရှေးဦးစွာ ဖြိုးစေတနာ အခမဲ့ဆေးကုခန်း ဖွင့်ပွဲအခမ်းအနားကို အဆိုပါဆေးခန်းရှေ့၌ ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က ဖြိုးစေတနာအခမဲ့ ဆေးကုခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများသည် ပြည်သူများ ကျန်းမာရေးကုသမှု ခံယူနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးအားပေးကြသည်။

ထို့နောက် ဖြိုးစေတနာ အခမဲ့ဆေးကုခန်းဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို အဆိုပါ မြို့နယ်အသင်းရုံးခန်းမ၌ ဆက်လက်ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ဖြိုးစေတနာ အခမဲ့ဆေးကုခန်း ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားအသီးသီး ပြောကြားကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါတို့ ဖြိုးစေတနာအခမဲ့ဆေးကုခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (မြို့တော်စည်ပင်)

ပေးအပ်လှူဒါန်း

ယင်းနောက် အလှူရှင်၊ စေတနာရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ငွေကျပ်တစ်သိန်း၊ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ စိုးလျှပ်စစ်ကုမ္ပဏီ၊ ရန်ကုန်ထရန်စဖော်မာကုမ္ပဏီ၊ ရန်ကူးကုမ္ပဏီ၊ ခင်မောင်ညွှန့်ကုမ္ပဏီ၊ အောင်ရည်ဖြိုးကုမ္ပဏီ၊ မြန်မာလိုက်တင်း (Myanmar Lighting) ကုမ္ပဏီ၊ စူပါပါဝါကုမ္ပဏီ၊ အော်ရီရာကုမ္ပဏီ၊ မြန်မာတီထွင်သူများသမဝါယမအသင်းလီမိတက်၊ နောင်တံ့ကုမ္ပဏီနှင့် Original Group တို့က ငွေကျပ်သုံးသိန်းစီအပါအဝင် အလှူရှင်များက စုစုပေါင်း ငွေကျပ် ၄၂၇၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး၊ မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယနေ့ ဖွင့်လှစ်သည့် ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ဖြိုးစေတနာ အခမဲ့ဆေးကုခန်းကို အပတ်စဉ်သောကြာနေ့တွင် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိနှင့် စနေ၊ တနင်္ဂနွေနေ့များတွင် ညနေ ၄ နာရီမှ ည ၆ နာရီအထိ လည်းကောင်း၊ ဖြိုးစေတနာမြန်မာ့တိုင်းရင်းဆေးကုဌာနကို အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာနှင့် တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လည်းကောင်း ဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး လူမျိုး၊ ဘာသာမရွေး၊ သံဃာ၊ သီလရှင်၊ လူပုဂ္ဂိုလ် ပြည်သူများ ကျန်းမာရေး အခမဲ့ လာရောက် ကုသနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ္စာလေးပါးတရားများ ဓမ္မဒါနသင်တန်းပို့ချမည်

ရန်ကုန် မေ ၁၄

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မြတ်နှင့် သစ္စာလေးပါးတရားများကို ဝတ္ထုဇာတ်များနှင့်ယှဉ်တွဲ၍ ဟောကြားပုံများကို နိုင်ငံကျော် ဓမ္မကထိက သာသနဟိတရေ ရွှေတံဆိပ်ဆုရဆရာကြီး ဦးစောအောင်က ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်း အထက်ဘလောက် အောင်ဓမ္မာရုံကြီးတွင် ဓမ္မဒါနသင်တန်းတရားများကို ဇွန် ၁ ရက်မှ ၃၀ ရက်အထိ နေ့စဉ် မွန်းလွဲ ၁၂ နာရီခွဲမှ ၂ နာရီအထိ ပို့ချမည်ဖြစ်သည်။ သင်တန်းတက်လိုသည့် ရဟန်း ရှင်လူ ပြည်သူများ မည်သူမဆို တက်ရောက်တရားနာယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

2007 Davis Cup by BNP Paribas Asia / Oceania Zone Group IV တင်းနစ်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များကျင်းပ

ရန်ကုန် မေ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်က အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် 2007 Davis Cup by BNP Paribas Asia / Oceania Zone Group IV တင်းနစ်ပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်ကို ယမန်နေ့ ညနေပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သိမ်ဖြူ တင်းနစ်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယက ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

အနိုင်ရရှိ

ပြိုင်ပွဲတွင် (က)အုပ်စုမှ Tajikistan အသင်းက ဘင်္ဂလားဒေ့ရှ်အသင်းကို သုံးပွဲ-ပွဲမရှိဖြင့် နိုင်ပြီး (ခ)အုပ်စုမှ ဆီးရီးယားအသင်းက မြန်မာအသင်းကို သုံးပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စီးပွားဖြစ် သစ်ခွစိုက်ပျိုးနည်း သင်တန်း ၁/ ၂၀၀၇ ဖွင့်မည်

ရန်ကုန် မေ ၁၄

မြန်မာနိုင်ငံ ပန်းဝါသနာရှင် အသင်းကကြီးမှူး၍ စီးပွားဖြစ် သစ်ခွစိုက်ပျိုးနည်းသင်တန်း ၁/၂၀၀၇ ကို ဇွန် ၄ ရက်မှ ၁၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း သင်တန်းသား သင်တန်းသူ ၅၀ ဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ် ခန်းမဆောင်၌ ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် ကျပ် ၁၂၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် ကျပ် ၁၅၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး ဖုန်း-၃၇၉၃၆၁ သို့ဆက်သွယ် တက်ရောက်နိုင်ကြောင်း သိရသည်။ **(၁၀၈)**

မိုးဦးကျနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သောရောဂါများအတွက် နှိုးဆော်ချက်

၁။ **မိုးဦးကျနှင့် မိုးရာသီတွင် အောက်ဖော်ပြပါ ကူးစက်တတ်သောရောဂါများ ပုံမှန်ဖြစ်ပွားလေ့ရှိပါသည်။**

(က) ဝမ်းပျက်ဝမ်းလျှောနှင့် ကာလဝမ်းရောဂါအပါအဝင် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများ၊ အသည်းရောင်အသားဝါရောဂါနှင့် သန်ကောင်၊ တုတ်ကောင်ရောဂါများ၊

(ခ) သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ၊

(ဂ) တုပ်ကွေး၊ နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါ။

၂။ **ဖြစ်ပွားရသည့်အကြောင်းရင်းများမှာ–**

(က) မိုးဦးကျလာပြီဖြစ်၍ လှိုင်လှိုင်ပေါလာသည့် အချိုဓာတ်ပါသော သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ မင်းကွတ်သီး စသည့် သစ်သီးဝလံများ၏ အခွံ၊ အစေ့စသည်များကို စည်းကမ်းမဲ့ မဆင်မခြင် စွန့်ပစ်ခြင်းကြောင့် ယင်ပေါက်ဖွား၍ ယင်ပေါများခြင်း၊

(ခ) ရာသီစာအမှည့်လွန်အသီးများကိုစားသုံးခြင်း၊

(ဂ) မိုးရွာပြီး ရေတင်ရေဝပ်သဖြင့် ရေအိုင်၊ ရေဗွက်ဖြစ်၍ ရေမြောင်း ပိတ်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်း ထူထပ်၍ ခြင်ပေါက်ဖွားခြင်း၊

(ဃ) ရာသီဥတုအပြောင်းအလဲဖြစ်၍ အပူရှပ်ခြင်း၊ အအေးပတ်ခြင်း၊

(င) ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုနည်းပါးခြင်း၊

(စ) ကျန်းမာရေးနှင့်ညီညွတ်သည့် အသိပညာနှင့်အလေ့အကျင့် အားနည်းခြင်း။

၃။ **အောက်ဖော်ပြပါတို့ကို လိုက်နာကျင့်သုံးခြင်းဖြင့် ဖော်ပြပါရောဂါများ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

(က) အမှည့်လွန်အသီးများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊

(ခ) ယင်နားစာများကို မဆင်မခြင်စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊

(ဂ) စားကြွင်းစားကျန်၊ အမှိုက်သရိုက်များနှင့် အညစ်အကြေးကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ပါ၊

(ဃ) မိမိတို့မိသားစုတွင် ကျန်းမာရေးအသိပညာဖြန့်ဝေပါ၊ လိုက်နာကျင့်သုံးပါ၊

(င) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုလိုက်နာဆောင်ရွက်ပါ၊

(စ) ရေကိုကျိုချက်၍သောက်ပါ၊

(ဆ) လတ်ဆတ်သန့်ရှင်းသည် အသီးအနှံနှင့် အစားအစာများကို ပူပူနွေးနွေး ချက်ပြုတ်စားသုံးပါ၊

(ဇ) ရာသီဥတု အပူအအေးအပြောင်းအလဲကို သတိရှိပါ၊

(ဈ) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ခြင်၊ ယင်နှိမ်နင်းရေး လုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ပါ၊

(ည) ရောဂါတစ်မျိုးမျိုး ဖြစ်ပွားပျံ့နှံ့လာပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့ပါ၊

(ဋ) လိုအပ်ပါက နီးရာ ဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီသွားရောက်ပြသ စစ်ဆေးကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန။

အပြည်ပြည်ဆိုင်ရာသူနာပြုနေ့ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၁၄

အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ သူနာပြုများနှင့် သူနာပြုသင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်း ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်စမ်းစမ်းလှိုင်နှင့် မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်း(ဗဟို) ဥက္ကဋ္ဌ သူနာပြုတက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ်(စီမံ) ပါမောက္ခ ဒေါက်တာဒေါ်ခင်ညိုတို့က အမှာစကား အသီးသီး ပြောကြားပြီး ရန်ကုန်အရှေ့ပိုင်းဆေးရုံ သူနာပြုသင်တန်းကျောင်းမှ နည်းပြကြီး ဒေါ်ကျင်ခန့်နမ်က အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ဆောင်ပုဒ်ဖြစ်သည့် **ပတ်ဝန်းကျင်ကောင်းပံ့ပိုးမှု၊ အရည်အသွေး တိုးတက်သူနာပြု၊ ပြည်သူများကို အကျိုးပြု** အကြောင်းကို ဟောပြောပြီး ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးမှ သူနာပြုအုပ် ဒေါ်တင်ရီက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့

22 May 2007

International Day for Biological Diversity

Biodiversity and Climate Change

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ပါကစ္စတန်တပ်များကပစ်သတ်

ကဘူးလ် မေ ၁၄

အာဖဂန်နစ္စတန်နိုင်ငံ နယ်စပ်အနီး မြို့တစ်မြို့၌ မေ ၁၄ ရက်က အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသည် ပါကစ္စတန်တပ်များနှင့် အစည်းအဝေးပြုလုပ်ပြီးနောက် သေနတ်ဖြင့် ပစ်သတ်ခံရကြောင်း ပါကစ္စတန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့အပြင် ပါကစ္စတန်တပ်ဖွဲ့ဝင်တစ်ဦးလည်း ပစ်သတ်ခံရကြောင်း ဗိုလ်မှူးချုပ်ဝါဟီးဒ်အာရှပ်က ပြောကြားသည်။

ယင်းနယ်စပ်သို့ အမေရိကန်နှင့် အာဖဂန်တပ်ဖွဲ့ဝင်များ အလည်အပတ်ရောက်ရှိစဉ် ပါကစ္စတန်အရာရှိတစ်ဦးက ပစ်သတ်ခဲ့သည်ဆိုခြင်းကို ၎င်းဗိုလ်မှူးချုပ်က ငြင်းဆိုလိုက်သည်။

အဆိုပါတပ်ဖွဲ့ဝင်များသည် နယ်စပ်တစ်လျှောက် တိုက်ပွဲအကြောင်းဆွေးနွေးရာမှ ထိုသို့ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသည့် ပန်းအလှပွဲတော်၌ ပန်းများကို ကော်ဇောပုံသဏ္ဌာန်ဖြင့် ပုံဖော်ပြသထားရာ ခရီးသွားများ လာရောက်ကြည့်ရှုနေသည်ကို မေ ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ခရီးသွားလုပ်ငန်း ထိပ်သီး အစည်းအဝေးကျင်းပ

လစ္စဘွန်း မေ ၁၄

လစ္စဘွန်းမြို့တွင် မေ ၁၁ရက်က ဖွင့်လှစ်ခဲ့သော (၇)ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလာမှုနှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်း ထိပ်သီးအစည်းအဝေးတွင် တရုတ်နိုင်ငံသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိစွာ အသုံးချနိုင်ခဲ့သည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့ခရီးသွားများအတွက် ဆွဲဆောင်မှုရှိသော နိုင်ငံတစ်နိုင်ငံဖြစ်လာလိမ့်မည် ဖြစ်ကြောင်း တရုတ်နိုင်ငံ၏ အမျိုးသား ခရီးသွားလုပ်ငန်းအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝမ်ကျီဖာက အဆိုပါ ထိပ်သီးအစည်းအဝေးဖွင့်ပွဲ၌ ပြောကြားသည်။

တရုတ်နိုင်ငံသည် ပြီးခဲ့သော ၂၀၀၆ခုနှစ်က ကမ္ဘာလှည့်ခရီးသွားဧည့်သည် သန်း၅၀ခန့် လာရောက်ခဲ့ကြောင်း၊ ထို့အတူ တရုတ်နိုင်ငံမှ အခြားနိုင်ငံများသို့ ခရီးသွားသူ အရေအတွက်သည်လည်း ၃၅ သန်းခန့် ရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့အပြင် တရုတ်နိုင်ငံသည်ခရီးသွားများအတွက် လုံခြုံမှု ပေးနိုင်ပြီး တည်ငြိမ်အေးချမ်းသော နိုင်ငံဖြစ်ကြောင်းလည်း ဝမ်ကျီဖာက ပြောကြားသည်။

ခန့်မှန်း

တရုတ်နိုင်ငံသည် ခရီးသွားလုပ်ငန်းမှ ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၈ဒသမ ၂ဘီလီယံရရှိမည်ဟု ခန့်မှန်းထားရာ အဆိုပါငွေကြေးသည် တရုတ်နိုင်ငံ ဂျီဒီပီ၏ ၂ဒသမ ၅ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ပြောကြား

တရုတ်နိုင်ငံ၏ ခရီးသွား လုပ်ငန်းသည် တစ်ကမ္ဘာလုံးနှင့် ဆက်စပ်လာလျက်ရှိပြီးခရီးသွားများလွတ်လပ်စွာ သွားလာနိုင်သော နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာက ပိုမိုသိရှိကာ လာရောက်ကြရန်သာ လိုအပ်နေကြောင်း ဝမ်ကျီဖာက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မလေးရှားနှင့်လာအို နယ်ပယ်ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မည်

ကွာလာလမ်ပူ မေ ၁၄

မလေးရှားနှင့် လာအိုနိုင်ငံတို့သည် နယ်ပယ်ကဏ္ဍစုံ၌ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရန် မေ ၁၁ရက်က သဘောတူညီခဲ့ကြသည်။

စာချုပ်ချုပ်ဆို

မလေးရှားနိုင်ငံ အလယ်ပိုင်း ပူထရာဂျာရာမြို့၌ ကျင်းပသည့် မလေးရှားနှင့်လာအိုနှစ်နိုင်ငံ သုံးကြိမ်မြောက်ပူးပေါင်းဆောင်ရွက်ရေး ကော်မရှင် အစည်းအဝေး၌ သဘောတူစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ကူးသန်းရောင်းဝယ်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲ၌ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ၊ သိပ္ပံနှင့်နည်းပညာ ကူးသန်းရောင်းဝယ်ရေး၊ စွမ်းအင်နှင့်ဆက်သွယ်ရေးနည်းပညာ၊ စိုက်ပျိုးရေး၊ ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာကဏ္ဍများ ပါဝင်သည်။

နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို အတူတကွ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကိုလံဘီယာနိုင်ငံ အထည်စက်ရုံ ဓာတ်ငွေ့ယိုစိမ့်မှု အလုပ်သမား ၁၁၂ ဦး ဆေးရုံ တင်လိုက်ရ

ဘိုဂိုတာ မေ ၁၄

ကိုလံဘီယာနိုင်ငံ အနောက်မြောက်ပိုင်း လာအီထရယ်လာမြို့ရှိ အထည်စက်ရုံတစ်ရုံတွင် အဆိပ်ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ရှူရှိုက်မိသူ အလုပ်သမား ၁၁၂ ဦး စနေနေ့က နာမကျန်းဖြစ်ကာ ဆေးရုံသို့ တင်ပို့လိုက်ရသည်ဟု မီဒီယာများက တင်ပြသည်။

ဝေဒနာများခံစားရ

အဆိပ်ဓာတ်ငွေ့ ရှူမိသူများမှာ မူးဝေ ခေါင်းခဲ အော့အန်သည့် ဝေဒနာများ ခံစားကြရသည်ဆိုသည်။ ဆေးရုံတင်ရသော်လည်း အသေအပျောက်ရှိသည်ဟူ၍ သတင်းမရဟုဆိုသည်။

ကုသမှုခံယူ

နာမကျန်းသည့် အလုပ်သမားအများစုမှာ ဆက်လက်ကုသမှုခံယူရန် ဆေးရုံတွင်ဆက်လက်ရှိနေရဦးမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အထွက်နှုန်းကောင်း ဆန်၊ စပါးမျိုးသစ် ဘင်္ဂလားဒေ့ရှ်၌ တီထွင်ထုတ်လုပ်

ဒါကာ မေ ၁၄

ဘင်္ဂလားဒေ့ရှ် ဆန်၊စပါးသုတေသနဌာနမှ သိပ္ပံပညာရှင်များသည် အထွက်နှုန်းကောင်း စပ်မျိုးစပါးနှစ်မျိုးထက်မက တီထွင်နိုင်ပြီဖြစ်ကြောင်း ယူအင်န်ဘီသတင်းအေဂျင်စီက မေ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါစပ်မျိုးစပါးသည် အခြားနာမည်ကြီး အထွက်နှုန်းကောင်းစပါးထက် တစ်ဟက်တာလျှင် တစ်တန်ပိုထွက်ပြီး စိုက်ပျိုးသက်တမ်းမှာ ၃၅ ရက်ဖြစ်ကြောင်း၊ အရည်အသွေးပြည့်မီသော ဆန်ကိုထုတ်လုပ်နိုင်ကြောင်း၊ ၎င်း ဆန်၊ စပါးသုတေသနဌာနက ပြောကြားသည်။

ယင်းစပ်မျိုးစပါးကို အမည်မပေးရသေးသော်လည်း တိုးတက်လာသော လူဦးရေ၏ စားနပ်ရိက္ခာဖူလုံရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပေးလိမ့်မည်ဟု အဆိုပါ သိပ္ပံပညာရှင်များက မျှော်လင့်ထားသည်။ အမ်အင်န်အေ၊ဆင်ဟွာ

ရိုးတွင်းချဉ်ဆီဆဲလ်ဖြင့် မျက်စိရောဂါကုသနိုင်

ဝါရှင်တန် မေ ၁၄

အရွယ်ရောက်သူများ၏ ရိုးတွင်းချဉ်ဆီ ဆဲလ်များသည် မျက်စိရောဂါများ ကုသရာတွင် အသုံးပြုနိုင်ကြောင်း စင်စင်နာတီတက္ကသိုလ်မှ သုတေသနပညာရှင်များက မေ ၁၁ ရက်တွင် ပြောကြားသည်။

အဆိုပါ ရိုးတွင်းချဉ်ဆီဆဲလ်များကို အသုံးပြုရန် ကြွက်များကို စမ်းသပ်ခဲ့ရာ မျက်ကြည်လွှာကောင်းမွန်ရေး ကုသရာတွင် အသုံးပြုနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ခတ္တမန္ဒူ၌ ဓာတ်ဆီပြတ်လပ် ကားနှင့် ဆိုင်ကယ်များ ရပ်တန့်ထားရ

ခတ္တမန္ဒူ မေ ၁၄

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တော်၌ မေ ၁၁ ရက်က ရာပေါင်းများစွာသော ကားများနှင့် မော်တော်ဆိုင်ကယ်များသည် ငွေပေးချေခြင်းမရှိခြင်းကြောင့် အိန္ဒိယရေနံကုမ္ပဏီက ပေးပို့နေသော ဓာတ်ဆီဆိုင်များ၌ လောင်စာဆီများ လျှော့ချလိုက်သဖြင့် တန်းစီရပ်ထားရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ခတ္တမန္ဒူမြို့ရှိ ဓာတ်ဆီဆိုင်အများစု၌ ဓာတ်ဆီမရှိဟူသော ဆိုင်းဘုတ်များ ကပ်ထားသည်။ ဓာတ်ဆီဆိုင်၏ အနီးဝန်းကျင်တို့တွင်လည်း ကားများ၊ မော်တော်ဆိုင်ကယ်များ ထိုးရပ်ထားသည်ဟု ဆိုသည်။ အမ်အင်န်အေ၊ရိုက်တာ

ကိုရီးယားကုန်တင်သင်္ဘော တရုတ်သင်္ဘောနှင့်တိုက်မိ သင်္ဘောသား ၁၆ဦး ပျောက်ဆုံးလျက်ရှိ

ဂျီနန် မေ ၁၄

တရုတ်နိုင်ငံအရှေ့ပိုင်း၌ ကိုရီးယားသမ္မတနိုင်ငံမှ ကုန်တင်သင်္ဘောတစ်စင်းနှင့်တရုတ်ကုမ္ပဏီပိုင် သင်္ဘောတစ်စင်းတို့ တိုက်မိကြရာ ကိုရီးယားသင်္ဘောနစ်မြုပ်သွားသဖြင့် သင်္ဘောသား ၁၆ ဦး ပျောက်ဆုံးနေကြောင်း ကယ်ဆယ်ရေးအဖွဲ့က မေ ၁၂ ရက်တွင် ပြောကြားသည်။

ဂိုးဒင်ရို့စ်အမည်ရှိ အဆိုပါသင်္ဘောသည် တရုတ်အရှေ့ပိုင်း ရှန်ဒေါင်းပြည်နယ်ရှိ ရန်တိုင်မြို့အနီး ပင်လယ်ပြင်၌ မေ ၁၂ရက် ညနေ ၃နာရီက တရုတ်ပိုင် ဂျင်ရှန်သင်္ဘောနှင့်တိုက်မိခဲ့သည်ဟု ဆိုသည်။ ယင်းကိုရီးယား ကုန်တင်သင်္ဘောသည် စတီးလ်တန်ချိန် ၅၉ သန်း တင်ဆောင်လျက် လျောင်နင်းမှ ကိုရီးယားသမ္မတနိုင်ငံသို့ ဦးတည်ခုတ်မောင်းစဉ် တိုက်မိခဲ့ခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဥရောပနှင့် ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ဖြန့်ဖြူးနိုင်ရေး ရုရှား၊ တာ့မင်နစ္စတန်နှင့် ကာဇက်စတန်တို့ ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်မည်

တာ့မင်ဘာရှီ မေ ၁၄

ရုရှား၊ တာ့မင်နစ္စတန်နှင့် ကာဇက်စတန်နိုင်ငံ ခေါင်းဆောင်များက ကက်စပီယံပင်လယ်ကမ်းရိုးတန်းတွင်သဘာဝဓာတ်ငွေ့ပိုက်လိုင်းအသစ် တည်ဆောက်သွားရန် မေ ၁၂ ရက်၌ သဘောတူညီလိုက်ကြသည်။

မျှော်မှန်းထား

အဆိုပါ ဓာတ်ငွေ့ပိုက်လိုင်းသည် ဥရောပနှင့် တရုတ်နိုင်ငံတို့အထိ ရောက်ရှိရန်နှင့် အာရှအလယ်ပိုင်းဒေသသို့လည်း ဓာတ်ငွေ့ဖြန့်ဖြူးနိုင်ရန် မျှော်မှန်းထားသည်။

သဘောတူ

သုံးနိုင်ငံဓာတ်ငွေ့ပိုက်လိုင်းသစ် တည်ဆောက်ရေး သဘောတူညီမှုကို တာ့မင်နစ္စတန်နိုင်ငံ ကက်စပီယံပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော တာ့မင်ဘာရှီမြို့တွင် သုံးနိုင်ငံထိပ်သီး အစည်းအဝေးကျင်းပ၍ သဘောတူညီခဲ့ခြင်း ဖြစ်သည်။

ထိုဓာတ်ငွေ့ပိုက်လိုင်းနှင့်ပတ်သက်၍ ဥရောပနှင့်ကမ္ဘာ့ဈေးကွက်သို့ ဓာတ်ငွေ့များ ပိုမိုတင်ပို့ ဖြန့်ဖြူးနိုင်ရေးအတွက်ဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဖိလစ်ပိုင်နိုင်ငံ ဆိုရ်ဆိုဂွန်ပြည်နယ်ရှိ ဘူလဆွန်မီးတောင်မှ ချော်မှုန်များ ဖြာထွက်နေသည်ကို မေ ၁၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

15-5 (10) 1 5/14/07, 1:11 PM

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ အင်တာနက်စင်တာတစ်ခု၌ သတင်းဆက်သွယ်မှုနှင့် တယ်လီဖုန်းဆက်သွယ်အသုံးပြုနေကြသူများကို မေ ၁၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘောဒီးယား၌ မိုဘိုင်းလ်ဖုန်းသုံးစွဲသူ တစ်သန်းခွဲခန့်ရှိနေ

ဖနောင်ပင် မေ ၁၄

ကမ္ဘောဒီးယားနိုင်ငံ၏ မိုဘိုင်းလ်ဖုန်းသုံးစွဲမှုသည် ၂၀၀၆ ခုနှစ်က ၁ ဒသမ ၅ သန်းရှိခဲ့ရာ ယခုနှစ်တွင် အရေအတွက် ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း ပြည်တွင်းမီဒီယာများက မေ ၁၀ ရက်၌ ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် မိုဘိုင်းလ်ဖုန်းသုံးစွဲသူအရေအတွက်မှာ တစ်နှစ်လျှင် ရာခိုင်နှုန်း ၄၀ ခန့် တိုးတက်လျက်ရှိကြောင်း၊ ထို့ကြောင့် ကမ္ဘောဒီးယားနိုင်ငံ၌ မိုဘိုင်းလ်ဖုန်းကွန်ရက်ကို တိုးချဲ့ရမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံတွင် လုပ်ကိုင်နေသည့် ဩစတြေးလျ ဆက်သွယ်ရေးအုပ်စုတစ်ခုဖြစ်သော ပေါလ်ဘတ်ဒီ ဆက်သွယ်ရေးလုပ်ငန်းက သတင်းထုတ်ပြန်သည်။

ဖော်ပြ

သို့သော် ကြိုးတပ်တယ်လီဖုန်း သုံးစွဲသူအရေအတွက်မှာ ၄၂၀၀၀ ခန့်တွင်သာရှိနေကြောင်း ကမ္ဘောဒီးယားဒေးလီးသတင်းစာ၌ ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ကြေးနန်းဆက်သွယ်ရေးဈေးကွက် တိုးတက်ကျယ်ပြန့်လာရေး ပြုပြင်ပြောင်းလဲမှု လိုအပ်လျက်ရှိနေကြောင်း အဆိုပါသတင်းစာတွင် ဆက်လက်ဖော်ပြထားသည်။

တိုးတက်

ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၀၈ ခုနှစ်၌ ကြိုးတပ်တယ်လီဖုန်းသုံးစွဲမှုများ တိုးတက်မြင့်မားစေရေးအတွက် အစီအစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း ကမ္ဘောဒီးယားနိုင်ငံဆက်သွယ်ရေးဝန်ကြီး ဆိုခမ်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ယခုနှစ်၌ မုန်တိုင်းများ တိုက်ခတ်မှု၊ ရေလွှမ်းမှုနှင့် မိုးခေါင်မှုများ ယခင်နှစ်များကထက် ပိုမိုကြုံတွေ့နိုင်ကြောင်း တရုတ်သတိပေး

ပေကျင်း မေ ၁၄

ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုကြောင့် ပြီးခဲ့သည့်ဆယ်စုနှစ်ကာလကထက် ယခုနှစ်တွင် မုန်တိုင်းများတိုက်ခတ်ခြင်း၊ ရေလွှမ်းမိုးခြင်းနှင့် မိုးခေါင်ခြင်းတို့ ပိုမိုကြုံတွေ့ရနိုင်ကြောင်း၊ ထိုသို့သော သဘာဝဘေးအန္တရာယ်များကို တရုတ်နိုင်ငံလည်း ကြုံတွေ့ရနိုင်သည်ဟု တရုတ်နိုင်ငံ မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ ထိပ်တန်းအရာရှိတစ်ဦးက ပြောကြားကြောင်း တရုတ်နိုင်ငံထုတ် ချိုင်းနားဒေးလီးသတင်းစာက မေ ၁၀ ရက်၌ ဖော်ပြသည်။

လွန်ခဲ့သည့် နှစ်များကထက် ယခုနှစ်တွင် နယ်မြေဒေသအများအပြား၌ အပူချိန်များ မြင့်တက်ခဲ့ကြောင်း၊ ပြီးခဲ့သည့် နှစ်ကထက် မုန်တိုင်းများအရေအတွက် ပိုမိုများပြားစွာ ဝင်ရောက်တိုက်ခတ်နိုင်ဖွယ်ရှိကြောင်း တရုတ်နိုင်ငံမှ မိုးလေဝသနှင့် ဇလဗေဒဌာနကြီးရေးမှူးတစ်ဦးဖြစ်သူ ကျန်ဂိုဂန်က ကွန်ဖရင့်တစ်ခု၌ ပြောကြားသည်။

တရုတ်နိုင်ငံ ယန်စီမြစ်အလယ်ပိုင်းဒေသနှင့် တောင်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်သကဲ့သို့ တရုတ်နိုင်ငံ အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အလယ်ပိုင်း နယ်မြေများနှင့် မြောက်ပိုင်းတို့တွင်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုများနှင့် ကြုံတွေ့နိုင်ကြောင်း ကျန်ဂိုဂန်က ပြောကြားသည်ဟု ချိုင်းနားဒေးလီးသတင်းစာ၌ ဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

အသက် ၆၀ အရွယ် ၇၆ သန်းကျော် အိန္ဒိယတွင် ရှိနေ

နယူးဒေလီ မေ ၁၄

အိန္ဒိယနိုင်ငံတွင် အသက်၆၀အရွယ် လူဦးရေသည် ၇၆ ဒသမ ၆ သန်းကျော်ရှိလာပြီဖြစ်ကြောင်း အင်ဒို-အာရှသတင်းဌာနက မေ ၁၀ ရက်၌ သတင်းထုတ်ပြန်သည်။

ထုတ်ပြန်

အိန္ဒိယနိုင်ငံ၌ အသက် ၆၀ အရွယ် လူဦးရေမှာ ၇၆၆၂၃၂၁ ရှိကြောင်း၊ အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သော စာရင်းအင်းများတွင် ဖော်ပြထားကြောင်း အဆိုပါသတင်းဌာနမှ ထုတ်ပြန်သောသတင်း၌ ဖော်ပြသည်။

အများဆုံးဖြစ်

အိန္ဒိယနိုင်ငံအလယ်ပိုင်း ဥတ္တာပရာဒေ့ရှ်ပြည်နယ်တွင် သက်ကြီး ရွယ်အိုလူဦးရေမှာ ၁၁ ဒသမ ၆ သန်းရှိရာ အများဆုံးဖြစ်ပြီး တစ်နိုင်ငံလုံး သက်ကြီးရွယ်အို လူဦးရေ၏ ၁၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ မဟာရာရှထရာပြည်နယ်တွင် အသက်ကြီးသူ အရေအတွက် ၈ ဒသမ ၄၅ သန်းရှိပြီး အနောက်ဘင်ဂယ်ပြည်နယ်တွင် သက်ကြီး ရွယ်အို ၅ ဒသမ ၇ သန်း ရှိသည်။

အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီတွင် အသက် ၆၀ အရွယ် လူဦးရေ ၇၁၉၆၅၀ ရှိကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်၌ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ယခုနှစ် ပထမသုံးလအတွင်းမြင့်တက်

ပေကျင်း မေ ၁၄

တရုတ်နိုင်ငံသည် ယခုနှစ်ပထမသုံးလအတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ၌ အမေရိကန်ဒေါ်လာ ထရီလီယံ ၂ ဒသမ ၀၂ အထိရရှိရာ ယခင်နှစ် အလားတူ ကာလကထက် ၂၄ ဒသမ ၂ ရာခိုင်နှုန်း တိုးမြင့်လျက်ရှိကြောင်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်က မေ ၁၁ ရက်က ထုတ်ပြန်ကြေညာသည်။

အဓိကပါဝင်

ယင်းသို့ ကုန်ထုတ်လုပ်မှု တိုးမြင့်လျက်ရှိရာ၌ သိုးမွေးရက်လုပ်မှုနှင့် ပါဆယ်ထုပ်ပိုးခြင်းလုပ်ငန်းများလည်း အဓိကပါဝင်သည်။

တိုးမြင့်လျက်ရှိ

စက်မှုကုန်ထုတ်လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပမာဏတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ထရီလီယံ ၁ ဒသမ ၇၈ ရရှိရာ နှစ်ချင်းအလိုက်တိုးမြင့်မှုမှာ ၂၅ ဒသမ ၂ ရာခိုင်နှုန်း ဖြစ်သည်။ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၀ ဒသမ ၈ ရာခိုင်နှုန်းတိုးမြင့်လျက်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ယခုနှစ် ဇန်နဝါရီနှင့် မတ်အတွင်း၌ ကုန်ထုတ်လုပ်မှုကဏ္ဍ အသီးသီးမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ဘီလီယံ ၄၆ ဒသမ ၉၆ ရရှိလျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ရေအောက်တွင် ဖန်ကွင်းကစားပြီး စံချိန်တင်

ရေအောက်တွင် အလင်းရောင် လွှတ်ထားသော ဖန်ကွင်းဖြင့် ကစားပြနေသူ တစ်ဦးကို တွေ့ရစဉ်။ (ယာပုံ)

နယူးယောက်မြို့သား အက်ရှရီတာဖူရာမင်ဆိုသူ အမျိုးသားတစ်ဦးက အလင်းရောင်လွှတ်ထားသော ဖန်ကွင်းတစ်ခုဖြင့် ရေအောက်တွင် ၂ မိနစ် စက္ကန့် ၂၀ ကြာအောင် ကစားပြနိုင်ခဲ့သဖြင့် ဂင်းနက်စ်မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

(အင်တာနက်)

နယူးယောက်မြို့ သောက်သုံးရေများတွင် ဓာတုပစ္စည်းများ ပါဝင်နေကြောင်းတွေ့ရှိ

နယူးယောက် မေ ၁၄

အမေရိကန်နိုင်ငံ နယူးယောက်မြို့ အချို့အစိတ်အပိုင်းများတွင် သောက်သုံးရေများ၌ စက်မှုလုပ်ငန်းသုံး ဓာတုပစ္စည်းများပါဝင်လျက်ရှိသည်ကို တွေ့ရှိရကြောင်း ပြည်တွင်းမီဒီယာများက မေ ၁၁ ရက်၌ ဖော်ပြသည်။

ပြောကြား

အဆိုပါ သောက်သုံးရေများကို သောက်သုံးသောသူများ အနေဖြင့် အသည်းရောဂါနှင့် အခြားကင်ဆာရောဂါများ ဖြစ်ပွားနိုင်ကြောင်း သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးဆိုင်ရာ အေဂျင်စီက ပြောကြားသည်။

သောက်သုံးရေများအတွင်း ဓာတုအဆိပ်အတောက်များ ပါရှိသည်ကို လွန်ခဲ့သည့် သီတင်းပတ်က စစ်ဆေးကြည့်ခဲ့ရာမှ သိရှိခဲ့ရခြင်း ဖြစ်သည်။ အချို့သောက်သုံးရေများတွင် ဓာတုပစ္စည်းများ ပါဝင်မှုမြင့်မားသော်လည်း မေ ၁၀ ရက်တွင် ဓာတုပစ္စည်းပါဝင်မှု လျော့ကျခဲ့သည်။

ယခုအခါသောက်သုံးရန်အတွက် ရေသန့်ပုလင်းများကိုသာ အသုံးပြုလျက်ရှိကြပြီး နယူးယောက်မြို့နှင့် ဝေးကွာသောအရပ်များတွင် အဆိုပါ သောက်သုံးရေပြဿနာ မရှိကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရွှေဖြူဖြင့် ပြုလုပ်ထားသော စက်ရုပ်

ရွှေဖြူဖြင့် ပြုလုပ်ထားသော စက်ရုပ်တစ်ခုကို ပြသနေစဉ်။ (ဝဲပုံ)

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသည့် ကျောက်မျက်နှင့် အရပ်ပွဲတော်၌ ရွှေဖြူအလေးချိန် ဂရမ်၁၄၀၀ဖြင့် ပြုလုပ်ထားသော အမြင့်ငါးလက်မရှိသည့် စက်ရုပ်တစ်ရုပ်ကို ထူးခြားစွာပြသခဲ့ကြောင်း သိရသည်။

(အင်တာနက်)

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဒုတိယတရားသူကြီးချုပ်နှင့် ဒုတိယရှေ့နေချုပ်တို့အား ဗီယက်နမ် အမျိုးသားလွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ တွေ့ဆုံ

ရန်ကုန် မေ ၁၄

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်အမျိုးသားလွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ H.E.Mr.Vu Maoဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုအား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ် အမျိုးသားလွှတ်တော် နိုင်ငံခြား ဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ H.E.Mr.Vu Mao နှင့်အဖွဲ့ လာရောက် တွေ့ဆုံစဉ်။
(သတင်းစဉ်)

တွေ့ဆုံရာသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာ မြင့်ကြည်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Tran Van Tung နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လာရောက်တွေ့ဆုံ

အလားတူ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်အမျိုးသားလွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ H.E. Mr. Vu Mao ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ တရားရုံးချုပ် အစည်းအဝေးခန်းမ(၁)ပထမထပ်၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးနှင့် အတူ တရားရုံးချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွန့်နှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်စကာပြောကြား

ရှေးဦးစွာ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ဗီယက်နမ်အမျိုးသားလွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီဥက္ကဋ္ဌ H.E. Mr. Vu Mao က နှုတ်ခွန်းဆက်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တရားစီရင်ရေးလုပ်ငန်းကိစ္စများနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံ အတွေ့အကြုံများကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့အပြင် ဒုတိယ ရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်အမျိုးသားလွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီဥက္ကဋ္ဌ H.E. Mr. Vu Mao ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ ရှေ့နေချုပ်ရုံးခွဲ အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယ ရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့်အတူ ရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိန်၊ ရှေ့နေချုပ်ရုံးခွဲ (ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဒေါ်ကျင်စန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးအလုံးမောင်တို့ တက်ရောက်ကြသည်။

ယင်းနောက် ဥပဒေပြုမှုဆိုင်ရာကိစ္စရပ်များ၊ ရှေ့နေချုပ်ရုံးက လိုက်နာကျင့်သုံးလျက်ရှိသော ဥပဒေကျင့်ထုံးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံ အတွေ့အကြုံများကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

သာသနာ့အတွေ့အကြုံဟောပြောပွဲ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၌ကျင်းပ

ရန်ကုန် မေ ၁၄

ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း အစည်းအဝေးခန်းမ၌ သာသနာ့အတွေ့အကြုံဟောပြောပွဲကို မေ ၈ ရက် ညနေ ၅ နာရီကကျင်းပရာ ဟောပြောပွဲသို့ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း တည်ထောင်သူ အကြံပေးပုဂ္ဂိုလ် ပါမောက္ခ ဒေါ်ရီရီမြင့်(ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သက်ရီနှင့် ဒေါ်နုနုရီ၊ အတွင်းရေးမှူး ဒေါ်လှဝတီနှင့် အမှုဆောင်များ၊ အသင်းဝင်များ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ဓမ္မမောဋ္ဌိဝိဟာရ သီလရှင်ကျောင်းတိုက်မှ သီလရှင်ဆရာကြီး ဒေါက်တာမောဋ္ဌိနီ (Ph.D)က သာသနာ့အတွေ့အကြုံကို ရှင်းလင်းဟောပြောသည်။ ဟောပြောပွဲအပြီးတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနှင့် တော်ဝင် လမ်းထောင့်ရှိ ဓမ္မမောဋ္ဌိဝိဟာရ သီလရှင်ကျောင်းတိုက် ဝေယျာဝစ္စအတွက် ဦးညိုမင်း၊ ဒေါ်ဥမ္မာလွင် မင်းဇာနည်ကုမ္ပဏီက အလှူငွေကျပ် ၁၀ သိန်း၊ ဒေါ်လှနု မိသားစု မောင်မော်ဘရားသားတူရိယာ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ဦးထွန်းမြင့်၊ ဒေါ်စန်းစန်းဦး သမီး မြမဥ္ဇူဘုတ်ဆုံမ မိသားစု၊ ဟိုးဟိုးကျော် ပေါ်ဆန်းမွှေး မိသားစုတို့က အလှူငွေကျပ်တစ်သိန်းစီနှင့် အသင်းသူများက စုပေါင်း၍ အလှူငွေကျပ် တစ်သိန်းနှစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

(က-ပ)

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရာရှိစွမ်းရည်မြှင့်သင်တန်း (၂/၂၀၀၇) ဖွင့်ပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

မြန်မာဘော်လီဘောလက်ရွေးစင်အသင်း အိန္ဒိယဘော်လီဘောအသင်းအား အနိုင်ရရှိ

ရန်ကုန် မေ ၁၄

မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းနှင့် အိန္ဒိယတက္ကသိုလ် ချန်ပီယံဘော်လီဘောအသင်းတို့၏ ချစ်ကြည်ရေး လက်ရည်စမ်းပွဲ ဒုတိယပွဲစဉ်ကို ယနေ့ ညနေ ၃ နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းသည် လက်ရည်အသာဖြင့် ကစားပြီး ပြိုင်ဘက်အိန္ဒိယတက္ကသိုလ် ချန်ပီယံဘော်လီဘောအသင်းအား သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသွားသည်။



မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်းမှ နံပါတ်(၁၂) ကျော်ဇင်ဝင်းထွဋ်၏ ရိုက်ချက်ကို အိန္ဒိယတက္ကသိုလ် လက်ရွေးစင်အသင်းမှ ပိတ်ဆို့ကာကွယ်ထားစဉ်။

အနိုင်ရရှိ

မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်းသည် စပေးဘော၊ ရိုက်ခုတ်ချက်၊ ပင့်ထောင်ဘောများဖြင့် ပြိုင်ဘက်အသင်း၏ အားနည်းချက်များကို အမိအရ ရယူကာ အနိုင်ရရှိသွားခြင်း ဖြစ်သည်။

ပထမပွဲတွင် မြန်မာအသင်းက အိန္ဒိယတက္ကသိုလ်ချန်ပီယံဘော်လီဘောအသင်းအား ၂၅ မှတ်-၁၁ မှတ် ဖြင့်လည်းကောင်း၊ ဒုတိယပွဲငယ်တွင် ၂၅ မှတ်-၁၈ မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိပြီး တတိယပွဲငယ်တွင် အိန္ဒိယတက္ကသိုလ်အသင်းသည် လက်ရည်မှန်လာသော်လည်း နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံရှိသည့် မြန်မာအသင်းအား ၂၅ မှတ်-၂၃ မှတ် ဖြင့် ရှုံးနိမ့်ကာ သုံးပွဲပြတ်ဖြင့် ရှုံးနိမ့်သွားရသည်။

ယနေ့

မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်းနှင့် အိန္ဒိယတက္ကသိုလ် ဘော်လီဘောအသင်းတို့ မေ ၁၅ရက် **(ယနေ့)**ညနေ ၃ နာရီတွင် ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။

သတင်းမှတ်စုနှင့်ဓာတ်ပုံ
သိန်းဝင်းလေး(မြန်မာ့အလင်း)

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရာရှိ စွမ်းရည်မြှင့် သင်တန်း(၂/၂၀၀၇)ဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရာရှိစွမ်းရည်မြှင့် သင်တန်း(၂/၂၀၀၇) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရာရှိစွမ်းရည်မြှင့် သင်တန်းရည်ရွယ်ချက်(၅)ရပ်ဖြစ်သော လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ပေးရန်၊ စိတ်ပိုင်းဆိုင်ရာ အရည်အသွေး၊ လုပ်ငန်းပိုင်းဆိုင်ရာ အတွေးအခေါ်နှင့် ကျွမ်းကျင်မှုမြင့်မားစေရန်၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များနှင့် ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်နိုင်ရန်၊ သွက်လက်ထက်မြက်ပြီး အရည်အသွေးမြင့်မားအောင် လေ့ကျင့်ရန်၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရန်၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန် (၇)ရပ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၀၇-၂၀၀၈ ခုနှစ် ရည်မှန်းချက် တာဝန်(၉)ရပ်နှင့် စာကြည့်တိုက် လုပ်ငန်းစဉ်(၅)ရပ်ဖြစ်သော ပြည်သူများ စာဖတ်စေရေး၊ စာအုပ်စာစောင်အသစ်များ တိုးပွားရေး၊ အဆောက်အအုံမရှိသေးက ရရှိအောင်ဆောင်ရွက်ရေး၊ ပရိဘောဂစုံလင်ရေး၊ စာကြည့်တိုက်မှူး လေ့ကျင့်ပျိုးထောင်ပေးရေးတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ ပြည်နယ်နှင့်တိုင်းများရှိ မြို့နယ်များမှ ဒုတိယဦးစီးမှူးများ၊ စာထောက်(၃)များနှင့် ရုပ်သံ(၃) အဆင့်ရှိ သင်တန်းသား သင်တန်းသူ ၅၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ကမ္ဘာ့တစ်လွှား အားကစား

ပရီမီယာလိဂ်၌ စိတ်ဝင်စားစရာကောင်းလာမည့် ဆန်းဒါးလန်း

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

ပရီမီယာလိဂ်သို့ တန်းတက်လာသော ဆန်းဒါးလန်းအသင်းအား တာဝန်ယူခဲ့သော ရွိုင်ကိန်း တန်းတက်ခဲ့ပြီးနောက် ဤသို့ အောင်ပွဲခံခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

လန်ဒန် မေ ၁၄

လာမည့်ဘောလုံးရာသီ၌ ပရီမီယာလိဂ်သို့ ခိုင်မာသောခြေလှမ်းများဖြင့် တက်ရောက်လာမည့်အသင်းမှာ ဆန်းဒါးလန်းပင် ဖြစ်သည်။

၂၀၀၅-၂၀၀၆ ဘောလုံးရာသီအပြီး ပရီမီယာလိဂ်မှ တန်းဆင်းခဲ့ရသော ဆန်းဒါးလန်းတို့ အင်္ဂလန်အမှတ်ပေးချန်ပီယံအဖြစ် ယခုနှစ်ဘောလုံးရာသီတွင် ထိုက်ထိုက်တန်တန်ရရှိခဲ့ပြီး နောက်လာမည့် ဘောလုံးရာသီတွင် ပရီမီယာလိဂ်သို့ ပြန်လည်ခြေချမည်ဖြစ်သည်။

စွမ်းဆောင်ပေးခဲ့

ဆန်းဒါးလန်းအသင်း ယခုကဲ့သို့ အောင်မြင်မှုများ ရရှိရေးအတွက် အဓိကစွမ်းဆောင်ပေးခဲ့သူမှာ နည်းပြလောကသို့ ပထမဦးစွာ တိုးဝင်လာသော မန်ယူအသင်းခေါင်းဆောင်ဟောင်း ရွိုင်ကိန်းပင်ဖြစ်သည်။

ပြတ်ပြတ်သားသား

နည်းပြအဖြစ် ပထမဆုံးတာဝန်ယူကိုင်တွယ်ရသောအသင်းကို အမှတ်ပေးချန်ပီယံဖြစ်စေခဲ့ပြီး ပြိုင်ဘက်အသင်းများအား ပြတ်ပြတ်သားသား အနိုင်ရရှိအောင်လည်း ဆောင်ကြဉ်းပေးနိုင်ခဲ့သူဖြစ်သည်။

ဗိုလ်စွဲခဲ့

ဆန်းဒါးလန်းအသင်း အင်္ဂလန်အမှတ်ပေးဘောလုံးပြိုင်ပွဲ၌ ယခုနှစ်ဘောလုံးရာသီတွင် ပွဲပေါင်း ၄၆ပွဲကစားခဲ့ရာ၂၇ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ၁၂ပွဲရှုံးခဲ့သည်။ ဒုတိယနေရာမှ ဘာမင်ဂမ်ထက် လေးမှတ်အသာရကာ ဗိုလ်စွဲခဲ့ခြင်းလည်း ဖြစ်သည်။

သွင်းယူနိုင်

ယခုနှစ် ဘောလုံးရာသီ၌ခြေစွမ်းအပြနိုင်ဆုံးပွဲမှာ ရာသီကုန်နောက်ဆုံးလက်ကျန်ပွဲအဖြစ်အဝေးကွင်း၌ လူတန်အသင်းကို ငါးဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့သည့်ပွဲပင်ဖြစ်သည်။ ထိုပွဲ၌ ဆန်းဒါးလန်းတို့ တစ်ဖက်သတ် ဖိကစားကာ စိတ်တိုင်းကျ ဂိုးများသွင်းယူနိုင်ခဲ့သည်။

ဂိုးပြတ်သွင်းယူ

နောက်ပွဲများမှာ အိမ်ကွင်း၌ ဆောက်တန်အသင်းကို လေးဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့သလို အဝေးကွင်း၌ ရက်ဖီးလ်ဝက်စ်နက်စဒေးကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ယူခဲ့သော ပွဲများပင်ဖြစ်သည်။

အဆိုးရွားဆုံး

ထို့အတူ ယခုနှစ်ဘောလုံးရာသီအတွင်း အဆိုးရွားဆုံးသောပွဲစဉ်မှာ ပရီစတန် အသင်းကို အဝေးကွင်း၌ လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသောပွဲပင်ဖြစ်သည်။ ထို့အပြင် အိပ်စဝစ်တောင်းကို သုံးဂိုး-တစ်ဂိုးဖြင့်ရှုံးသောပွဲစဉ်တွင်လည်း ချေပဂိုးတစ်ဂိုးကိုပင် ကြိုးစားသွင်းယူခဲ့ခြင်းဖြစ်သည်။

ဆန်းဒါးလန်း ပရီမီယာလိဂ်သို့ ပြန်တက်နိုင်အောင် ကြိုးစားပေးသူများတွင် တိုက်စစ်မှူး ဒေးဗစ်ကွန်ဒိုလီနှင့် မူရာဖီတို့ဖြစ်ကြပြီး လိဒ်ဘတ်တာ၊ ရိစ်ဝါလေ့နှင့် ယော့ကီတို့လည်း စွမ်းဆောင်ရှင်များပင်ဖြစ်သည်။

အားသာချက်

ယခုနှစ်ဘောလုံးရာသီ၌ တိုက်စစ်မှူး ကွန်ဒိုလီက ၁၃ဂိုးသွင်းယူနိုင်ခဲ့သလို တိုက်စစ်မှူး မူရာဖီကလည်း၁၀ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဆန်းဒါးလန်းအသင်း၏ အဓိက အားသာချက်မှာ တိုက်စစ်၊ ခံစစ် မျှခဲ့ခြင်းပင်ဖြစ်သည်။

အောင်မြင်မှုရရှိ

နည်းပြအသစ်စက်စက် ရွိုင်ကိန်းက မန်ယူကွင်းလယ်တွင် နှစ်ပေါင်းများစွာကစားခဲ့သူဖြစ်ရာ နည်းပြအဖြစ် တာဝန်ယူရသောအချိန်၌ ဆန်းဒါးလန်းအသင်းအား တိုက်စစ်၊ ခံစစ်မျှအောင် ကစားစေခဲ့သည်။ တိုက်စစ်ဖွင့်ကစားရာတွင် နောက်တန်းခံစစ်မှူးများ ချန်ထားစေခဲ့သလို ခံစစ်ကစားရာတွင်လည်း ကွင်းလယ်မှ ကစားသမားများပါ ကူစေခဲ့သည်။ ထိုကြောင့်သိပ်သည်းကျစ်လျစ်သော ခံစစ်ကြောင်းနှင့် နောက်ပိုင်းလုံခြုံသော တိုက်စစ်တို့ကြောင့် ဆန်းဒါးလန်းအသင်း အောင်မြင်မှုများ ရရှိခဲ့ခြင်းဖြစ်သည်။

ထို့အပြင်ဆန်းဒါးလန်းနောက်တန်းခံစစ်တွင် ကစားနေကြသော စတီဖင်ရိုက်၊ ဆမ်ဆွန်၊ အီဗင်စ်၊ ဗာဂါနှင့် ကလာကေးတို့က လျင်လျင်မြန်မြန်ဖြင့် တစ်ဖက်တိုက်စစ်ကို ဟန့်တားနိုင်ကြသည်။ ကွင်းလယ်မှ မီလာ၊ ဝေါလေနှင့် ကောလင်းတို့ကလည်း အကွက်စေ့အောင် ကစားနိုင်ကြသူများဖြစ်သည်။

ပရီမီယာလိဂ်သို့ တစ်ဆင့်နိမ့်မှ တက်လာသောဆန်းဒါးလန်းကို နည်းပြ ရွိုင်ကိန်း မည်သို့ကိုင်တွယ် မည်ကို လာမည့်ဘောလုံးရာသီ၌ တွေ့ရမည်ဖြစ်သည်။

ပရီမီယာလိဂ်၌ မန်ယူနှင့်လည်း ဆုံတွေ့ရမည်ဖြစ်ရာ ဖာဂူဆန်နှင့် ရွိုင်ကိန်းတို့ ဆရာတပည့်အားပြိုင်မှုကလည်း စိတ်ဝင်စားစရာကောင်းနေသည်ဖြစ်ရာ လာမည့်ပရီမီယာလိဂ်တွင်ဆန်းဒါးလန်းကြောင့် ပိုမိုလှုပ်ရှားလာမည်ဖြစ်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

စပိန်လာလီဂါတွင် ရီးရဲမက်ဒရစ်အသင်း ဦးဆောင် နောက်တန်းလူ ကင်နာဗာရို ရွှေဘောလုံးဆုဆွတ်ခူး

စုစည်းတင်ပြသူ
မြင့်မောင်စိုး

မက်ဒရစ် မေ ၁၄

စပိန်လာလီဂါပွဲစဉ်(၃၄) ဘောလုံးပြိုင်ပွဲများကို မေ၁၃ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘာစီလိုနာတို့ အိမ်ကွင်း၌အကြိတ်အနယ် ကစားသော်လည်း ရီးရဲဘက်တစ်အသင်းနှင့် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ ပွဲစပြီးငါးမိနစ်အကြာ ဘာစီလိုနာတို့ ပယ်နယ်တီရရှိရာ ရော်နယ်ဒင်ဟိုကန်သွင်းယူခဲ့သည်။ သို့သော်လည်း ပွဲပြီးရန် မိနစ်ပိုင်းအလိုတွင် ရီးရဲဘက်တစ်မှ ဆိုဘစ်က ချေပဂိုးသွင်းယူခဲ့သဖြင့် သရေပွဲဖြစ်ခဲ့သည်။



ရီးရဲမက်ဒရစ် နောက်တန်းလူ ကင်နာဗာရို ဘာနေဗျူး၌ အက်စ်ပန်းညိုအသင်းကို အနိုင်ရပြီး တစ်နှစ်တာ အကောင်းဆုံး ရွှေဘောလုံးဆု ဆွတ်ခူးနိုင်ခဲ့သည်ကို တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

ယင်းပွဲသရေပွဲ ဖြစ်ခဲ့သဖြင့် ရီးရဲမက်ဒရစ်တို့ အမှတ်တူဂိုးကွာခြားချက်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

ယမန်နေ့က ရီးရဲမက်ဒရစ်အသင်းသည် အိမ်ကွင်း၌ အက်စ်ပန်းညိုအသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိပြီး အမှတ်ပေးဇယားထိပ်ဆုံးနေရာသို့ ရောက်ရှိသွားပြီဖြစ်သည်။ သို့သော်လည်း ရီးရဲမက်ဒရစ်အသင်းသည် ထိုနေ့က ပထမပိုင်း၁၉မိနစ်အတွင်း ဥရုဂွေးတိုက်စစ်မှူး ပန်ဒီယာနီကအက်စ်ပန်းညိုအသင်းအတွက် ဟက်ထရစ်ဂိုး သွင်းယူခဲ့သဖြင့် နောက်မှ ချေပဂိုးသုံးဂိုးနှင့်အနိုင်ဂိုးတစ်ဂိုးသွင်းယူခဲ့ရသည်။

ထိပ်ဆုံးနေရာ

ထိုနေ့က ရီးရဲမက်ဒရစ်တို့ ဒုတိယပိုင်းတွင် ပြန်လည်တိုက်စစ်ဆင်ကစားရာ အသင်းခေါင်းဆောင် ရာအူးလ်၊ ကွင်းလယ်ကစားသမား ရေးယက်စ်၊ ဘလန်နိုတို့က ချေပဂိုးများ အသီးသီးသွင်းယူခဲ့ပြီး ပွဲချိန်၈၉မိနစ်တွင် ဂွမ်ဇာလိုဟီရာအင်က အနိုင်ဂိုးသွင်းယူခဲ့သဖြင့် ရီးရဲမက်ဒရစ်တို့ အမှတ်ပေးဇယား ထိပ်ဆုံးနေရာ ရရှိသွားခဲ့သည်။

ဦးဆောင်

ယင်းပွဲအပြီး ရီးရဲမက်ဒရစ်အသင်းသည် ၃၄ပွဲ ကစား၊ ပွဲ၂၀နိုင်၊ ခြောက်ပွဲသရေနှင့်ရှစ်ပွဲရှုံးပြီး ရမှတ် ၆၆မှတ်ရရှိကာ အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရရှိသွားပြီ ဖြစ်သည်။

ဆွတ်ခူး

ထိုနေ့က ရီးရဲမက်ဒရစ်နောက်တန်းကစားသမား ကင်နာဗာရိုသည် စပိန်လာလီဂါတွင် တစ်နှစ်တာ အကောင်းဆုံး ရွှေဘောလုံးဆုဆွတ်ခူးနိုင်ခဲ့ သည်။

အခက်တွေ့စေ

သို့ရာတွင် လီဗန်တေးအသင်းသည် အဝေးကွင်း၌ ဆဲလ်တာဗီဂိုအသင်းကို နှစ်ဂိုး-တစ်ဂိုး ဖြင့် အနိုင်ရလိုက်သည်။ ယင်းပွဲရှုံးနိမ့်ခဲ့၍ ဆဲလ်တာဗီဂိုအသင်းသည် တန်းဆင်းဇုန်မှ လွတ်မြောက်ရေးအတွက် ပို၍အခက်တွေ့သွားစေခဲ့သည်။ ဆဲလ်တာဗီဂိုအသင်းသည် ယင်းပွဲအပြီး အောက်ဆုံးတန်းဆင်းဇုန် ဒုတိယနေရာတွင်ရှိနေသည်။

ရီးရဲမက်ဒရစ်မှ အီမာဆင် (ယာ) **ပြန်လည်ထိုးဖောက် ကစားမှုကို ဤသို့တွေ့ရသည်။**
(ဓာတ်ပုံ-အင်တာနက်)

ထိုနေ့က ရီးရဲဆိုစီဒက်အသင်းသည် အမှတ်ပေးဇယား အောက်ဆုံးနေရာရောက် ဂျင်နက်စတစ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်၍ တန်းဆင်းဇုန်လွတ်မြောက်ရေး အခွင့်အလမ်း ရရှိသွားသည်။ သို့သော်လည်း ရီးရဲဆိုစီဒက်အသင်းသည် လာမည့်ပွဲ လေးပွဲတွင် တန်းဆင်းဇုန်မဆင်းရရေးအတွက် အကြိတ်အနယ်ကစားရဖွယ်ရှိသည်။

အနိုင်ရလိုက်

အလားတူ ဗီလာရီးရဲအသင်းသည် အိုဆာဆူနာ၏ အိမ်ကွင်း၌ ခြေစွမ်းပြကစားပြီး လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။ ထို့အတူ မာလော့ကာအသင်းသည်လည်း ရေးဆင်းကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။

စပိန်လာလီဂါပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ရန် လေးပွဲကျန်ရှိသေးရာ ချန်ပီယံ ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်တို့သည် ရမှတ်များတူနေသဖြင့် ဖလားရရှိရေး မျှော်လင့်ချက်များ အားကောင်းနေကြသည်။ လက်ကျန်လေးပွဲအရှုံး၊ အနိုင်ရလဒ်များသည် ချန်ပီယံဆုအတွက် အဆုံးအဖြတ်ဖြစ်လာမည် ဖြစ်သည်။ သို့ဖြစ်၍ ၎င်းအသင်းနှစ်သင်းသည် ယခုနှစ် စပိန်လာလီဂါ ချန်ပီယံဖလား မျှော်လင့်ချက် အရှိဆုံးဖြစ်လာသကဲ့သို့ ပြိုင်ဆိုင်မှုအနေအထားမှာလည်း ပို၍မြင့်မားလာသည်ကို တွေ့ရသည်။

(အင်တာနက်)

အင်တာနက် အားကစား သတင်း အတိုအထွာ

- ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာသည် အဲဗာတန်နှင့်ပွဲတွင် သွင်းယူခဲ့သော ချေပဂိုးမှာ ယခုနှစ် ဘောလုံးရာသီတွင် ချယ်လ်ဆီး အသင်းအတွက် ၃၂ဂိုးမြောက်သွင်းယူပေးသည့် ဂိုးဖြစ်သည်။

- **ဝက်စ်ဟမ်း အသင်းနှင့် မန်ယူတို့ ယမန်နေ့က ပရီမီယာလိဂ် နောက်ဆုံးပွဲအဖြစ် ကစားခဲ့စဉ် ကားလို့စ်တီဗက်ဇ်သည်တစ်လုံးတည်းသောအနိုင်ဂိုးကိုသွင်းယူပေးနိုင်ခဲ့၍ဝက်စ်ဟမ်းတို့တန်းဆင်းဇုန်လွတ်မြောက်ရေးဂိုး ဖြစ်သွားခဲ့သည်။**

- ဝက်စ်ဖို့ဒ်နှင့် နယူးကာဆယ်တို့ ယမန်နေ့က ပရီမီယာလိဂ်နောက်ဆုံးပွဲအဖြစ် ယှဉ်ပြိုင် ကစားစဉ် မိုက်ကယ်အိုဝင်သည် ယင်းပွဲတွင် ဒဏ်ရာပြန်လည်ရရှိသွားကြောင်း သိရသည်။

- **ဘာလင်မြို့၌ ကျင်းပသော ဂျာမန်အိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ဆားဘီးယားမှ အသက်၁၉နှစ်အရွယ်ရှိ အနာအီဗန်နိုဗစ်သည် ရုရှားမှ ကွက်ဇ်ညက်ဆိုဗာအား အနိုင်ရပြီး ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။**

(အင်တာနက်)

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးယဉ်ငြိမ်း-ဒေါ်စန်းစန်းမြင့် တို့၏ သားကြီး

မောင်ရဲဝင့်ငြိမ်း

B.Sc (Hons) (Computing & Information System, LMU,UK)
Microsoft Certified Business Solution Professional MCSD
Senior Technical Consultant (3P Solutions Pte Ltd. Singapore)

နှင့်

ရန်ကုန်မြို့နေ ဦးလှဲဆွေ-ဒေါ်မြမြသွေး တို့၏ သမီးကြီး

မသက်လျာဆွေ

B.A(Eng)Q, A.G.T.I(Civil)
D.A(Diploma in Accounting) (LCCI) (UK)

တို့၏ ၁၃-၅-၂၀၀၇ ရက် (တနင်္ဂနွေနေ့) Sedona Hotel (Grand Ball Room)တွင် ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် ကြွရောက်ချီးမြှင့်ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပန်းကုံးချီးမြှင့်ပေးသော ဦးကျော်မြင့်(သံအမတ်ကြီး)(ငြိမ်း)နှင့်ဇနီး၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးသော ဦးကျော်စိုး(မျက်စိအထူးကုဆရာဝန်ကြီး)နှင့် ဇနီးတို့အားလည်းကောင်း၊ မေတ္တာဖြင့် ကူညီပေးသော မင်္ဂလာအခမ်းအနားမှူး ကေတုဝင်းထွဋ်နှင့် မင်္ဂလာအခါတော်ပေးချီးမြှင့်ပေးသော ဦးရန်ပိုင်စိုးတို့အားလည်းကောင်း၊ မိတ်ကပ် ဆံပင် အလှဖန်တီးရှင် အောင်အောင်(တောင်ကြီး)၊ အဝတ်အစားအလှဖန်တီးရှင် ကိုကို(တေလာ)နှင့် မေတ္တာဖြင့် ပန်းခြင်းအလှ ဆင်မြန်းပေးသော ဦးမောင်မောင်လွင် (ခရိုင်အင်ဂျင်နီယာမှူး၊ ဆ/မ)၏ဇနီး ဒေါ်ကေခိုင်အောင်တို့အားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယို ဝဏ္ဏခွာနီး၊ Sedona Hotelမှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟနှင့် သူငယ်ချင်းများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ရဲဝင့်ငြိမ်း-မသက်လျာဆွေ။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ စက်မှုဇုန် အမှတ် ၁၉၁ နေ ဦးစိုးသိန်း-ဒေါ်ရီရီစိန် တို့၏သား

မောင်သိန်းသန်းစိုး 2nd Year (Hist)

နှင့်

ရန်ကုန်မြို့၊ တိုက် ၂၊ အခန်း ၅၀၂၊ သာယာရွှေပြည်အိမ်ရာ၊ ၁၆ ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဦးအောင်ကျော်မြင့်-ဒေါ်ခင်ချိုညွန့် (ကြီးကြပ်ရေးမှူး) မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ စက်မှု(၁)တို့၏ တစ်ဦးတည်းသောသမီး

မလိမ္မာဦး B.Sc(Biotechnology)

တို့အား နှစ်ဖက်သော မိဘဆွေမျိုးများ၏ သဘောတူညီချက်အရ ၁၄-၅-၂၀၀၇ ရက်တွင် M3 Food Centerတွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သိန်းသန်းစိုး-မလိမ္မာဦး။

ဆရာမောင်မောင်သန်း၊ စောမြင့် (စစ်တွေ)
သိပ္ပံလက္ခဏာ-ဗေဒင်

ရှင်သွေးရာတနာ မွဲစိတ်ဓမ္မဖွား ရှင်သွေး/အလုပ်အကိုင်၊ အထူးအမည်ထားပေးမြင်း၊ အထူးမှန်ကန်စွာ ဟောပြောဆွေးနွေးပေးပြီး၊ ကျိုးရာအဆောင်ယတြာများကို စီမံဆောင်ရွက်ပေးနေပါသည်။
အမှတ်(၁၂၀) ဒုတိယထပ်၊ ကျောက်မြောင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ☎ - ၀၉၅၅၂၀၁၆၁

ကျေးဇူးဆပ်ပါမည်

ကျွန်တော် P/P ၅၀၁၅၄၆ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

စိုင်းအောင်ကိုမြင့်။

တိုက်ခန်းအမြန်ရောင်းမည်

ပွဲစားမလို

၁၅ပေ X ၅၅ပေ၊ ဗဟိုလမ်းမပေါ်၊ ဖုန်း-၇၀၅၃၁၆၊ ၀၉-၈၉-၇၀၇၄၆။

သမီးလေး ကုမုဒြာဖြူအတွက် မွေးနေ့ဆုမွန်

၁၅-၅-၂၀၀၇ ရက်တွင် ကျရောက်သည့် ချစ်သမီးလေး ကုမုဒြာဖြူ(ခ)ကူကူးလေး၏ ရက်(၁၀၀)ပြည့် မွေးနေ့မှသည် နောင်လာမည့်နှစ်များစွာတိုင် အသိဉာဏ်ပညာ၊ အလိမ္မာနှင့်ပြည့်စုံပြီး ထူးချွန်ထက်မြက်သော သမီးကောင်းရတနာလေးဖြစ်ပါစေ။

ဘိုးဘိုး၊ ဘွားဘွား၊ ဦးဦး၊ အန်တီများ
ချစ်ဖေဖေ - ဒေါက်တာကျော်ထူးလင်း
ချစ်မေမေ - ဒေါ်သဒ္ဒါဖြူ။

ကျေးဇူးဆပ်ပါမည်

၃-၅-၂၀၀၇ ရက်တွင် အလုံစားသောက်ဆိုင်မှ ငှားစီးသော Taxiပေါ်တွင် ဓာတ်ပုံခြောက်အုပ် မေ့ကျန်ခဲ့သဖြင့် တွေ့ရှိက အကြောင်းကြားရန်။

ကရင်ကြီး ဖုန်း-၅၀၇၁၁၄။

အမွေစားအမွေခံသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာချက်

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးအောင်လွင်၊ ဒေါ်မြမြဝင်းတို့၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ ကျွန်ုပ်မိတ်ဆွေများ၏ သမီးကြီးဖြစ်သူ မအေးစန္ဒာလွင် ၁၂/မဂတ(နိုင်)၀၀၂၈၇၄ သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကို မနာခံ ဆန့်ကျင်လျက် မိဘဆွေမျိုးအသိုင်းအဝိုင်းအား အရှက်တကွဲ အကျိုးနည်းဖြစ်အောင်၊ မိဘတို့အပေါ် ကြီးစွာသောစိတ်ဆင်းရဲမှု၊ ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းအောင် ပြုမူဆောင်ရွက်သွားသောကြောင့် ယင်း မအေးစန္ဒာလွင်အား ကျွန်ုပ်မိတ်ဆွေများ၏ မိသားစုနှင့် မသက်ဆိုင်တော့ကြောင်းနှင့် အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

နောက်နောင် မအေးစန္ဒာလွင်နှင့် ပတ်သက်သမျှကို လည်းကောင်း၊ မည်သည့် ညှိနှိုင်းစေ့စပ်ဆွေးနွေးမှုကိုမျှလည်းကောင်း တာဝန်ယူဖြေရှင်းလိမ့်မည် မဟုတ်ကြောင်းနှင့် မိဘ၊ မောင်နှမ၊ အသိုင်းအဝိုင်းနှင့် မိဘများ၏ စီးပွားရေးကိစ္စ တစ်စုံတစ်ရာကို ထိပါးနှောင့်ယှက်ပြုမူလာပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ညွှန်ကြားချက်အရ-
ဦးတင်ဝင်း
တရားရုံးချုပ်ရှေ့နေ
စဉ်(၁၈၀၆)။

ဖခင်အမည်မှန်

အထက(၃) ထောက်ကြန့် ပဉ္စမတန်းမှ မောင်ဝင်းထွဋ်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ထွန်း ဖြစ်ပါကြောင်း။

ဦးမြင့်ထွန်း။

အမည်ပြောင်း

အဖ ဦးသန်းဦး၏ သမီး အထက-၁ ရွှေပြည်သာ တက္ကသိုလ်ဝင်တန်းမှ မမေဇင်သန်းဦး အား မမြမွန်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မမြမွန်ကျော်။

အမည်ပြောင်း

ဘိုကလေးမြို့ အထက-၂၊ နဝမတန်း(အောင်)မှ အဖ ဦးကျော်ဝင်း၏ သမီး မသူဇာကျော်အား မမေသူထွဋ်ဟု ပြောင်းလဲခေါ်ပါရန်။

မမေသူထွဋ်။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

KMD ကွန်ပျူတာအခြေခံသင်တန်း i-Office

Since 1986

သင်တန်းအပ် လက်ခံနေပါပြီ။ [Duration 80 Hours]

- ကုမ္ပဏီ/ ရုံးလုပ်ငန်းများအတွက် ရုံးစာရိုက်ခြင်း၊ စာရင်းဇယားများဖြည့်သွင်းခြင်း နှင့် စာစီစာရိုက်လုပ်ငန်းများအတွက်လက်တွေ့ သင်ကြားမည့် သင်တန်းဖြစ်ပါသည်။
- E-mail နှင့် Internet အသုံးပြုနည်းကို Digital Camera ၊ Scanner စသောနောက်ဆုံးပေါ် Hardware Device များဖြင့် တွဲဖက်၍ စနစ်တကျ သင်ကြားပေးပါသည်။
- Reference စာအုပ်များကိုအခမဲ့ပုံ ပိုးပေးပြီး သင်တန်းသားတစ်ဦးကို စက် တစ်လုံးနှုန်းဖြင့်သင်ကြားချိန် နာရီပြည့် စက်သုံးစွဲ နိုင်ရန် စီစဉ်ထားပါသည်။
- သင်တန်းကာလ အတွင်း နှင့် သင်တန်းပြီးဆုံးသွားသော အခါ စက်အပိုချိန် အသုံးပြုနိုင်ရန် စီစဉ်ပေးပါသည်။

(ရုံးချုပ်) ၅၅၀-၅၅၂ ကုန်သည်လမ်းနှင့် ၃၆လမ်းထောင့်၊ ကျောက်တံတား။ ဖုန်း - ၂၄၃၁၅၅/၃၈၁၇၇၆/၃၈၁၁၂၉
(ဆိပ်ကမ်းသာ) ၅၅-၅၇၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတား။ ဖုန်း - ၃၉၁၂၈၆/၃၉၁၂၈၇/၃၇၇၈၅၅
(မြေနီကုန်း) ၃၃၁၊ ပြည်လမ်း၊ မြေနီကုန်းစမ်းချောင်း။ ဖုန်း - ၅၂၇၄၃၆/၅၃၄၁၇၀/၅၀၂၂၃၃
(သိမ်ကြီးဈေး) သိမ်ကြီးဈေး စီရုံ၊ တတိယထပ်၊ ရွှေကိုင်ဘုရားလမ်း၊ ပန်းဘဲတန်း။ ဖုန်း - ၃၈၄၂၆၈/၃၈၄၆၄၁
(လှည်းတန်း-၁) ၃၀၊ ပထမထပ်၊ တိုက် ၁၊ စီမံကိန်းအိမ်ရာ (၁)၊ အင်းစိန်လမ်း၊ လှည်းတန်း။ ဖုန်း - ၅၂၄၄၀၀/၅၈၅၃၉၉
(လှည်းတန်း-၂) ၁၈၊ (၄ထပ်)၊ အင်းစိန်လမ်းနှင့် ဦးထွန်းလင်းချုပ်လမ်းထောင့်၊ ကမာရွတ်မြို့နယ်။ ဖုန်း - ၅၀၂၂၁၀
(တာမွေ-၁) အမှတ် - ၂၇၂၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။ ဖုန်း - ၅၄၁၃၂၈
(တာမွေ-၂) အမှတ် - ၅/၁၁၊ ချိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်။ ဖုန်း - ၅၄၁၃၂၈

ဆရာဦးရွှေမြ

မြစ်ပွားနာ၊ အလုံး အကျိတ် အနာပေါက် အမျိုးမျိုး၊ ဂရင်ဂျီနာ၊ လိပ်ခေါင်းရောဂါများကို ဆေးကုသပေးနေပါတယ်။

အမှတ် ၉၊ မင်းလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၄၄၄၈၇။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးမောင်မောင်မျိုး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၂/တမန(နိုင်)၀၀၀၁၂၁ နှင့် ယာဉ်အမှတ် ၈၀/၅၄၂၈(ရှမ်းစတားဂျစ်)နှင့်ပတ်သက်သော ဝီးလ်တက်၊ VICနှင့် စက်သုံးဆီထုတ်ယူခွင့်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဦးမောင်မောင်မျိုး**

ဖုန်း-၀၉-၅၁၇၁၈၇၆၊ ၀၁-၅၈၀၇၁၀။

ပူးပေါင်းဖွင့်လှစ်

မေ ၈ ရက်က ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော မိသားစုဝင်ငွေတိုး အမျိုးသမီးအလှပြင်ပစ္စည်း သင်တန်းဖွင့်ပွဲကျင်းပရာ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်နှင့် အမှုဆောင်များ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၅-၂၀၀၇ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	ကံ(၄)မျိုးတရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော်ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၈း၀၀	ပြည်သူ့အကျိုးသယ်ပိုး (၃)နှစ်ပြည့် MRTV-4
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	အသွင်သစ်အမြင်သစ် MRTV-4 ရုပ်သံသစ်
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀	Sunday Talk
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	ချမ်းမြေ့စေတာချမ်းမြေ့မှာ ထာဝရရိပ်သာ
၁၀း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၅	ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအားထားရာမဏ္ဍိုင် UMFCCI
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	ပျိုမြစ်နုနယ်သော ကလေးငယ်များ၏အစွမ်း
၁၁း၃၅	မိုးလေဝသခန့်မှန်းချက်
၁၁း၄၀	ကျန်းမာပျော်ရွှင်ဘဝတစ်ခွင်
၁၁း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၂း၀၅	သီတဂူရေအလှူတော်
၁၂း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၃၀	မြို့ပြအတွင်းနေထိုင်မှုဟန်
၁၂း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀	ထင်ရှားတည်ရှိမြင်းမထိ
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့်ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဖွံ့ဖြိုးရေးတက္ကသိုလ်သင်တန်းများ ဇွန် ၄ ရက် ဖွင့်မည်

နေပြည်တော် မေ ၁၄

၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၌ နှစ်စဉ်ပုံမှန်သင်တန်းများဖြစ်သော မဟာပညာရေးဘွဲ့ နှစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့(ဘီအီးဒီ) လေးနှစ်သင်တန်းများ၊ အလယ်တန်းဆရာအတတ်သင် တစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့ (ဘီအီးဒီ) တစ်နှစ်သင်တန်း၊ပညာရေးဘွဲ့(ဘီအီးဒီ) ပေါင်းကူး နှစ်နှစ်သင်တန်းနှင့် ဆရာအတတ်ပညာဒီပလိုမာ တစ်နှစ်သင်တန်းတို့ကို ဇွန် ၄ ရက်(တနင်္လာနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းသား သင်တန်းသူများသည် ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ မေ နောက်ဆုံးပတ်အတွင်း သတင်းပို့ကြရန် ပြည်နယ်၊ တိုင်းအသီးသီးသို့ အကြောင်းကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၅-၅-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	ကဗျာပန်းဥယျာဉ်
၈း၀၀	၆။	အတီးပြိုင်ပွဲ
၈း၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈း၂၀	၈။	အကပြိုင်ပွဲ
၈း၂၅	၉။	ပုလင်းရေလှောင်တမံ
၈း၃၀	၁၀။	International News
၈း၄၅	၁၁။	Let's Go
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သချာအထူးပြု) [သချာ]
၁၇း၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇း၁၅	၆။	ခံစားနားဆင်တေးဓာတ်ဝင်
၁၇း၂၅	၇။	**"ချစ်သောမြေ ချစ်သောရေ"** ရာဇာနေဝင်း၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၇း၃၀	၈။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀	၉။	ညနေခင်းသတင်း
၁၈း၂၀	၁၀။	မိုးလေဝသအခြေအနေ
၁၈း၂၅	၁၁။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈း၅၀	၁၂။	အသွင်ပြောင်း ဒီပလိုမေစီ၏ ဇာတ်ကောင်များကို အထူးသတိပြု (အပိုင်း-၁)
၁၉း၀၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သစ္စာ ဘဝပင်ခြားသော်လည်း** (အပိုင်း-၁၉)
၂၀း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး ဒုတိယချစ်ပုံပြင်** (အပိုင်း-၁၀)
	၁၈။	မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က အလှပန်းခြင်းထိုးနည်း သင်တန်းဆင်းပွဲ အခမ်းအနားကိုမေ ၁၁ ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးခန်းမတွင် ကျင်းပရာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ညွှန့်က သင်တန်းဆင်း အမှာစကားပြောကြားစဉ်။ (က-ပ)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး နွေရာသီသင်တန်းဖွင့်

မြိတ် မေ ၈

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး နွေရာသီသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂ ရက် နံနက် ၉ နာရီက မြိတ်မြို့ အထက(၁) ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးနှင့်တပ်မတော် အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့ ယဉ်ကျေးမှု တက္ကသိုလ်မှ ကထိက ဦးသန်းမြင့်နှင့် နည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရည်ရွယ်ချက်

အခမ်းအနားတွင် တနင်္သာရီတိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ် ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ကထိက ဦးသန်းမြင့်က သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၆၀ တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဇန်းမော်ခရိုင် မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် ဧပြီ ၂၂ ရက်က ဇန်းမော်မြို့ သီရိဈေးသို့ ခရိုင်မီးသတ် ဦးစီးဌာန ဦးစီးအရာရှိဦးမြသန်း၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးချစ်အောင်နှင့် တပ်ဖွဲ့ဝင်များ ကွင်းဆင်း၍ ပညာပေး ဟောပြောစဉ်။

(မီးသတ်ဦးစီး)

အခြေခံကြွခိုင်ရေးသင်တန်း ဖျာပုံမြို့၌ဖွင့်

ဖျာပုံ မေ ၁၀

ဖျာပုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် အခြေခံကြံ့ခိုင်ရေးသင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲကို မေ၇ ရက် နံနက် ၇နာရီက ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ ဖျာပုံခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဘုန်းမြင့်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။ (ဝဲပုံ)

သင်တန်းဖွင့်ပွဲသို့ ခရိုင်/ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ခရိုင်/ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တို့မှ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အသင်းအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တာဝန်ခံ

သင်တန်း တာဝန်ခံအဖြစ် ခရိုင် အသင်း အတွင်းရေးမှူး ဦးအေးကြိုင်က ဆောင်ရွက်ပြီး သင်တန်းမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး ဦးလှဝင်းဗိုလ်က ဆောင်ရွက်သည်။

အဆိုပါသင်တန်းသို့သင်တန်းသား သင်တန်းသူ ၁၅၁ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်သည်။ **(၁၅၈)**

ဧပြီ ၃၀ရက်က တောင်သာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်တင်မာရီနှင့် အသင်းဝင်များ တောင်သာမြို့ အမှတ် (၄) ရပ်ကွက်ရှိ မြစည်းခုံ ဆုတောင်းပြည့် မြတ်စွာဘုရားဝင်းအတွင်းရှိ မဟာဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်းခြင်း၊ ဘုရားပရဝဏ်အတွင်း သန့်ရှင်းရေး ဆောင်ရွက်ခြင်းများ လုပ်ဆောင်ကြစဉ်။ (မြို့နယ်စည်ပင်)

တယ်လီဖုန်း အိတ်ချိန်းရုံး ထီးချိုင့်၌ဖွင့်
ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများရှင်းလင်း

ထီးချိုင့် ဧပြီ ၂၃

ကသာခရိုင် ထီးချိုင့် မြို့နယ် လေသာ ကျေးရွာ အုပ်စု လေသာကျေးရွာ ဆက်သွယ်ရေး တယ်လီဖုန်း (အိတ်ချိန်း) ရုံးဖွင့်ပွဲ အခမ်းအနားကို ဧပြီ၃ရက် မွန်းတည့် ၁၂နာရီက အဆိုပါ ဆက်သွယ်ရေး တယ်လီဖုန်းရုံးတွင် ကျင်းပသည်။

စစ်ဆေး

လေသာကျေးရွာ ဆက်သွယ်ရေး တယ်လီဖုန်း (အိတ်ချိန်း)ရုံး ဆိုင်းဘုတ်ကို ကသာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှဝေက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ကသာခရိုင် ဥက္ကဋ္ဌ ဦးလှဝေနှင့် တာဝန်ရှိသူများက လေသာကျေးရွာ ဆက်သွယ် ရေး တယ်လီဖုန်း (အိတ်ချိန်း)ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

တွေ့ဆုံ

ဆက်လက်၍ ကျေးရွာ ပြည်သူများနှင့်တွေ့ဆုံပွဲအခမ်း အနားကို လေသာ ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ တွင် ကျင်းပရာ ကသာခရိုင် ဥက္ကဋ္ဌ ဦးလှဝေက နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းသည်။

ရှင်းလင်း

လေသာ ကျေးရွာ ဆက်သွယ်ရေး တယ်လီဖုန်း ဖြစ်မြောက်ရေး ကော်မတီဝင် ဦးချစ်သိန်းက လုပ်ငန်း ဆောင်ရွက်မှုများကိုရှင်းလင်း တင်ပြပြီး လေသာ ကျေးရွာ ဆက်သွယ်ရေး တယ်လီဖုန်း (အိတ်ချိန်း) ဖွင့်ပွဲ အထိမ်း အမှတ်အလှမ်းများကို ကသာ ခရိုင်ဥက္ကဋ္ဌ ဦးလှဝေထံသို့ လေသာကျေး ရွာအုပ်စုဥက္ကဋ္ဌ ဦးကျော်စိုးထွန်းက ပေးအပ်သည်။ (မြို့နယ်ပြန်/ဆက်)

မြို့နယ်သတင်းများ

ကျိုက်ထိုမြို့နယ် စည်ပင် သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ် အတွင်း ပျိုးပင်များ စိုက်ပျိုးထားမှုကို မွန်ပြည်နယ် စည်ပင် သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးသက်အောင်က ရှင်း လင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ဝေဇယန္တာလမ်း အမှတ် ၂၉၁ ဒေါ်နီ (စတိုး)နေ ဦးထွန်းတင် (မင်းကင်း)-ဒေါ်စန်းစန်း (တောင်သာ)တို့၏ မေ ၁၀ရက်က ကျရောက်သည့် နှစ်ငါးဆယ်ပြည့် ရွှေရတုမင်္ဂလာ အထိမ်းအမှတ် အဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံသို့ ထာဝရဆေးပဒေသာပင် အလှူငွေ ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့ဝင် ဒေါက်တာ ဦးလှရွှေက လက်ခံယူစဉ်။ (က-ပ)

ရေနုတ်မြောင်းတူးဖော်

မြဝတီမြို့ အမှတ် (၄)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်ထားမှုကို မတ် ၂၇ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းထွန်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်မှူးသင်တန်း ဆင်ပေါင်ဝဲမြို့၌ဖွင့်

ဆင်ပေါင်ဝဲ ဧပြီ ၂၀

ဆင်ပေါင်ဝဲမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ စာကြည့်တိုက်မှူးသင်တန်း အမှတ်စဉ် (၁/၂၀၀၇)ဖွင့်ပွဲကို ဧပြီ ၁ရက် နံနက်က မြို့နယ်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဆင့်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးနွဲ့တို့က အမှာစကားပြော ကြားကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ချင်းပြည်နယ် သာသနာပြုကျောင်းအတွက် ငွေလှူဒါန်း

ဟားခါး ဧပြီ ၃၀

ချင်းတောင်တန်းတွင် သာသနာပြုလုပ်ငန်းများ အောင်မြင်လျက်ရှိသော ချင်းပြည်နယ် ဟားခါးမြို့ မြို့မသာသနာပြုစာသင်တိုက်မှ ဆရာတော် ဘဒ္ဒန္တ တေဇောသာရ(ဓမ္မာစရိယ၊ ဘီအေ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်)သည် ဓမ္မာစရိယတန်းရောက် ချင်းတိုင်းရင်းသားရဟန်းသာမဏေများ နေထိုင်ပညာသင်ကြားရန်အတွက် ရန်ကုန်တိုင်း တာမွေမြို့နယ် ကျိုက္ကဆံလမ်း တာမွေဈေးရှေ့ အမှတ်(၃၁၄)တွင် ချင်းပြည်နယ် ဗုဒ္ဓသာသနာ ထွန်းကားရေး သာသနာပြုကျောင်းတော်ကြီးကို ဆောက်လုပ်သာသနာပြုလျက်ရှိသည်။

ကလေးမြို့ တာဟန်းရပ် ဗိုလ်ချုပ်လမ်း(MWK)အထွေထွေ ရောင်းဝယ်ရေးမှ ဦးမောင်ဝင်း-ဒေါ်ကြွေဥ၊ သမီး မမေသူဇင်၊ သား မောင်ဝေယံကျော်၊ ညီမ မအေးအေးမိသားစုတို့က ငွေကျပ်သုံးသိန်း၊ ဟားခါးမြို့ ဈေးဟောင်းရပ် မဝင်းဝင်းရွှေ(ခ)မမိုးမိုး(ကုန်စုံဆိုင်)မွေးနေ့ အထိမ်းအမှတ်အဖြစ် ငွေကျပ်သုံးသိန်း၊ ဟားခါးမြို့ ဂန့်ဂေါလမ်း ယုဇန အထွေထွေရောင်းဝယ်ရေးက မိခင်ကြီးဒေါ်ရာနူး၏ (၆၅)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ငွေကျပ်တစ်သိန်း၊ ကိုမောင်မောင်-မသင်းသင်းဦး၊ သား မောင်ကောင်းမြတ်သူ(ယုဇနမိသားစု)တို့က မောင်ကောင်းမြတ်သူ၏ နှစ်နှစ်ပြည့်မွေးနေ့အဖြစ် ငွေကျပ်တစ်သိန်း၊ ကလေးမြို့ အောင်သစ္စာ ရပ်ကွက်မှ မိခင်ကြီး ဒေါ်တိုးကြည်အား ရည်စူး၍ မောင်ဇော်မင်းထွန်း-မဝင်းဝင်းစိုးတို့က ငွေကျပ်တစ်သိန်းတို့ကို ကျောင်းတော်ကြီး အလှူငွေအဖြစ် သာသနာပြုဆရာတော်ထံ လှူဒါန်းခဲ့ကြသည်။

လှူဒါန်းနိုင်

ပါဝင်လှူဒါန်း သာသနာပြုလိုကြသော အလှူရှင်များသည် သာသနာပြုဆရာတော် ဖုန်း-၀၉-၅၀- ၁၁၄၂၀၊ ၀၁-၅၄၅၁၅၃နှင့် ၀၇၀-၂၁၁၃၂ (ဟားခါး)တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရှမ်းပြည်နယ်(တောင်ပိုင်း) ၂၀၀၇ မိုးရာသီ သစ်ပင်စိုက်ပျိုး ထင်းရှူးမြို့ဖြစ်ရန် စီမံချက်များ အကောင်အထည်ဖော်

တောင်ကြီး မေ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ရှမ်းပြည်သစ်တောဦးစီးဌာနသည် ၂၀၀၇ မိုးရာသီ သစ်ပင်စိုက်ပျိုးနိုင်ရေးအတွက် တောင်ကြီးနှင့် ကလောမြို့နယ်ကို ထင်းရှူးမြို့ဖြစ်စေရန်အတွက် ၂၀၀၆ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ အပင်ပေါင်းငါးသိန်းစိုက်ပျိုးရန် ရည်ရွယ်ပြီး ကလောမြို့နယ်အတွင်း ထင်းရှူးပင်သုံးသိန်း၊ တောင်ကြီးမြို့နယ်အတွင်း နှစ်သိန်းပျိုးထောင်ပြီး နည်းလမ်းသုံးသွယ်ဖြင့် ဆောင်ရွက်ရန် စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ကြသည်။

ကလောမြို့နယ်အတွင်း ၂၀၀၆ခုနှစ်တွင် ကြိုးဝိုင်းခုနစ်ခုနှင့် ကြိုးဖြင့် ကာကွယ်တောတစ်ခုတွင် ဧကပေါင်း ၁၄၇ဒသမ ၇၃ဧကတွင် အပင်ပေါင်း ၁၀၄၀၅၄ပင်ကိုလည်းကောင်း၊ တောင်ကြီးမြို့နယ်အတွင်း ထီသိမ်ကန်နှင့်တောင်ပေါ် သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း တန်ဖိုးမြင့်စိုက်ခင်းများတွင် ဧကပေါင်း ၁၅၉ ဒသမ ၆၆ ဧကတွင် အပင်ပေါင်း ၄၂၈၀၀ စိုက်ပျိုးနိုင်ခဲ့သည်။ ၂၀၀၇ မိုးရာသီတွင် ကလောမြို့နယ်အတွင်း စီးပွားရေးထင်းရှူး စိုက်ခင်းနှစ်ခု၊ ရေဝေရေလဲစိုက်ခင်း သဘာဝတောတန်ဖိုးမြင့်စိုက်ခင်း၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း စုစုပေါင်း ၅၂၅ဧကတွင် အပင်ပေါင်း ၁၅၀၀၀၀ကိုလည်းကောင်း၊ တောင်ကြီးမြို့နယ်အတွင်း ကြိုးဝိုင်းရေဝေရေလဲစိုက်ခင်း၊ သဘာဝတောတန်ဖိုးမြင့်စိုက်ခင်းနှင့် လူထုပူးပေါင်းစိုက်ပျိုးခြင်း ဧက ၃၁၀တွင် အပင်ပေါင်း ၄၉၀၀၀ စိုက်ပျိုးသွားမည်ဖြစ်သည်။

၂၀၀၇ မိုးရာသီသစ်ပင်စိုက်ပျိုးနိုင်ရေးအတွက် သစ်တောဦးစီးဌာနအနေဖြင့် မိုးရာသီ ကြီးမြန်သစ်ပင်များဖြစ်သည့် ရေသင်းဝင်၊ ကျွန်း၊ မဲဇလီ၊ ပနားမားငု၊ အော်ရီးရှား၊ ပင်စိမ်း၊ သစ်ကဗော်၊ ပိတောက်၊ ရှမ်းသပြေ စသည့် အပင်ကြီးနှင့် ကြီးမြန်သစ်ပင်ပေါင်း တောင်ကြီးခရိုင်တွင် ဧက ၉၅၀အတွက် အပင်မျိုးစုံ ၃၉၄၄၆၀၊ လွိုင်လင်ခရိုင်တွင် ဧက ၁၀၀အတွက် အပင်မျိုးစုံ ၆၆၀၀၀၊ ရေဝေရေလဲ အုပ်ချုပ်ရေးဌာန လေးခုမှ ဧက ၅၅၀အတွက် အပင်မျိုးစုံ ၁၂၁၀၀၀ ပျိုးထောင်ထားပြီးဖြစ်ကြောင်း သိရသည်။ ၎င်းအပြင် အခြားပန်းနှင့် အလှအပ အပင်ကြီးမျိုးများဖြစ်သည့် စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ပနားမားငု၊ စိန်တံချူ၊ ချယ်ရီ၊ ငုစပ်၊ စွယ်တော်၊ ပန်းပိတောက်၊ ပိုးသီတင်း၊ ကံ့ကော်၊ ခါတော်မှီ၊ အာဖရိကန်ကျူလစ်၊ မယ်ရံ၊ ပန်းတမာ စသည့် အပင်မျိုးစုံအား ပြည်နယ်တစ်ခုလုံးရှိ မြို့နယ်၊ ခရိုင်၊ ပြည်နယ်သစ်တောဦးစီးဌာနအသီးသီး၏ ပျိုးဥယျာဉ်များတွင် အပင်ပေါင်း၅၆၇၅၀၀ ပျိုးထောင်ထားပြီးဖြစ်သည်။

(သစ်တောဦးစီး)

မိခင်ကြီးဒေါ်ကျင်အေးအား ရည်စူး၍ ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်း အမှတ် (၁၀၅)နေ ရွှေရည်ဦး ရွှေပန်းထိမ်မိသားစု သားသမီး၊ မြေးများက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်အတွက် အလှူငွေကျပ်တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော်ဘဒ္ဒန္တစက္ကိန္ဒထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပါဠိပထမပြန်စာမေးပွဲ ဟိုပန်မြို့၌ကျင်းပ တိုင်းရင်းသားများအား ပရိယတ္တိစာပေသင်ကြားပို့ချ

ဟိုပန် မေ ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွမ်းလုံခရိုင် ဟိုပန်မြို့တွင် ဖွင့်လှစ်ထားသည့် မြသိန်းတန် ပရိယတ္တိစာသင်တိုက်မှ စာချစာသင်သံဃာတော်အရှင်သူမြတ်များ၏ (၁၅)ကြိမ်မြောက် ပါဠိပထမပြန် စာမေးပွဲကို ဧပြီ ၃ရက်မှ ဧပြီ ၁၀ရက်အထိ ဟိုပန်မြို့ အခြေခံပညာအထက်တန်းကျောင်း စာမေးပွဲခန်းမတွင် ကျင်းပသည်။

ပို့ချ

ဟိုပန်မြို့ မြသိန်းတန်ပရိယတ္တိစာသင်တိုက်သည်နယ်စပ်ဒေသ ပရိယတ္တိသာသနာတော်ထွန်းကားပြန့်ပွားရေးကို ရည်ရွယ်၍နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဂန္ထဝါစကပဏ္ဍိတ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသောဘိတက ဦးစီးကာ ဒေသခံ 'ဝ'၊ ရှမ်း၊ ကိုးကန့်နှင့်မြောင်ဇီးစသည့် တိုင်းရင်းသားများအား ပရိယတ္တိစာပေများကို သင်ကြားပို့ချပေးသည်။

သင်ကြား

မြသိန်းတန်ပရိယတ္တိစာသင်တိုက်စတင်ဖွင့်လှစ်ရာ ၁၉၉၂ခုနှစ်မှ ယနေ့အထိ အခြေပြမူလတန်းမှ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းအထိ အစိုးရပါဠိပထမပြန် စာမေးပွဲကို သံဃာ၊ သာမဏေ ၆၉ပါး ဖြေဆိုအောင်မြင်ခဲ့သည့်အပြင် ၂၀၀၀ပြည့်နှစ်မှစ၍ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် နယ်စပ်ဒေသတိုင်းရင်းသား၊ တိုင်းရင်းသူများအား သင်ကြားပို့ချပေးခဲ့သည်။

(ပြည်နယ် ပြန်/ဆက်)

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့ မေ ၈ ရက်က ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးနှင့် ကန်ညီနောင်ဈေးကို ကြည့်ရှုစစ်ဆေးရာ ဦးစီးအရာရှိ ဦးအောင်မိုးသိန်းက ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်စက်ယန္တရားများ အစဉ်ကောင်းမွန်စေရေးအတွက် အဖွဲ့ပိုင်ယာဉ်ပြင် အလုပ်ရုံတွင် ပြင်ဆင်နေခြင်းကို ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်နှင့်အဖွဲ့ မေ ၁၁ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် လက်ထောက်အင်ဂျင်နီယာ(စက်မှု) ဦးနေမျိုးကျော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ထန်းတပင်မြို့ ဗိုလ်ချုပ်လမ်း ဘေးဝဲယာရေနုတ်မြောင်းများမှ အမှိုက်သရိုက်များ ဆယ်ယူခြင်း၊ ရေဆိုးများဖောက်ထုတ်ခြင်းလုပ်ငန်းကို မေ၅ရက်က အမှုဆောင် အရာရှိ ဦးငွေလှိုင်ဦးဆောင်သောအဖွဲ့ဝန်ထမ်းများနှင့် မြို့နယ်မီးသတ်တာဝန်ခံ ဦးမြဟန်ဦးဆောင်သော မီးသတ်တပ်ဖွဲ့များ စုပေါင်းဆောင်ရွက်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးသာနိုအောင်က ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

လက်ပံတန်းမြို့၌ ငါးလုပ်ငန်းဆိုင်ရာ ပညာပေးဟောပြော

လက်ပံတန်း မေ ၄

ပဲခူးတိုင်း သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက စီစဉ်ကျင်းပသည့် ငါးလုပ်ငန်းဆိုင်ရာ ပညာပေးဟောပြောပွဲ အခမ်းအနားကို ဧပြီ ၂၉ရက် နံနက် ၁၀နာရီက လက်ပံတန်းမြို့နယ် ကြို့ပင်စခန်း ကျေးရွာအုပ်စု ကြို့ပင်စခန်းကျေးရွာတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးသက်ခိုင်၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌဦးမောင်မောင်ငွေးတို့ တက်ရောက်ကြသည်။

ထို့နောက်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မင်းလွင်က ကျေးရွာအုပ်စုများအတွင်းရှိ ရေလုပ်သားကြီးများအား ငါးမျိုးသယံဇာတမျိုးသုဉ်းပျက်စီးစေသည့် ကျင်စက်ဖြင့် ငါးဖမ်းဆီးခြင်း၊ အဆိပ်ချ၍ ငါးဖမ်းဆီးခြင်းနှင့် ငါးမျိုးပြန့်ပွားဥချရှင်သန်ကြီးထွားသော ငါးရစ်ငါးသန်အချိန်အတွင်း ငါးမဖမ်းဆီးရေးတို့ကို ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
နယုန်လဆန်း ၁ ရက်
၁၆-၅-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဇောဗ္ဗျဂ်သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ကျောက်ဆည်စက်မှုနယ်မြေမှ ပလတ်စတစ်စက်ရုံ)

၁၂:၀၀ ယဉ်ကျေးမှုအနုပညာ (မြန်မာ့ရှေးဟောင်း ဒင်္ဂါးများ- ရှေးဟောင်းသုတေသနဦးစီးဌာန စာပြုအဖွဲ့)

၁၂:၂၅ သူ့အတွေးနှင့်သူ့အရေး (မွေးမြူအပ်သော ကြောက်စိတ်များ-မြင်းခြံကျော်အောင်)

၁၂:၃၅ သီချင်းကြီးပဒေသာ
(၁) အမရပူရိန်ပတ်ပျိုး (ကိုမင်းဟန်)
(၂) ကုဏ္ဍလာယိုးဒယား (ရွှေနှင်းဆီ)

ညနေပိုင်း

၁၆:၁၀ နိုင်ငံ့စီးပွား ကျေးလက်ထုတ်ကုန်များ (ပဲခူးတိုင်း ဖြူးမြို့က ဒေသထွက် လက်ဆောင် ပဲယို၊ နှမ်းယို)

၁၇:၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မေတ္တာနုနုစေလိုသူ (ထား)
(၂) အချစ်အတွက် ထာဝရလေပြေ (စန္ဒရားဘိုကြီး)
(၃) နှစ်ယောက်ချင်းတွေ့မှ ပြောဦးမယ် (ဖြူဖြူစံ)

၁၇:၃၀ အစာနှင့်အာဟာရ (ဂုံးနှင့် ယောက်သွား)

၁၇:၄၅ သူ့လက်သံ (မန္တလေးတိုင်းမှ မောင်သော်ဇင်ဝင်း)

၁၈:၂၅ ဆွေးနွေးခန်း (မုံရွာမြို့နယ် ထနောင်းဝင်းစံပြကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုများ)

၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ဘယ်လောက်ဝေးဝေး နီးနီးလေး (အရှင်ဆန္ဒာဓိက ရွှေပါရမီတောရ)
(၂) အမွေမမီမြေး အခွင့်အရေးဥပဒေ (ဦးကျော်ဇေယျ)

၁၉:၁၅ သီချင်းကြီးအဖွဲ့ (စိုးအမ္ဗုန်သီချင်းကြီးအဖွဲ့)

၂၀:၃၀ မေတ္တာလက်ဆောင်ရတေးစီးရီး (မာစတာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် စည်သူလွင်၏ (Unplugged တေးစီးရီး-၁)
- ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ချစ်တေးရှိုက်သံ (ငွေးငွေးမြင့်)
(၂) မျက်လုံးဖွင့်ပြီးအိပ်ကြည့်ပါ (ဂီတာဖေဝင်း)
(၃) ကြင်ရနိုးနိုးမျှော်ကိုးသူ (မာသီ)

မူလတန်းဆင့် ပြင်ပစာမေးပွဲ လူငယ်အကျဉ်းသားများဖြေဆို

မိတ္ထီလာ မေ ၈

မန္တလေးတိုင်း မိတ္ထီလာမြို့(ခ)အဆင့် အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် လူငယ်အကျဉ်းသား ၇၇ ဦးတို့သည် အခြေခံပညာမူလတန်းဆင့် ပြင်ပဖြေစာမေးပွဲကို မေ ၂ရက် နံနက် ၉နာရီက အကျဉ်းထောင်ဝင်းအတွင်းရှိ စာမေးပွဲ ကျင်းပဆောင်တွင် ဖြေဆိုကြသည်။

အထက်ပါ စာမေးပွဲဖြေဆိုရာတွင် မိတ္ထီလာ(ခ)အဆင့် အကျဉ်းထောင်တာဝန်ခံအရာရှိဦးကျော်ငွေးနှင့် အကျဉ်းထောင်တာဝန်ရှိသူများ၊ မိတ္ထီလာမြို့နယ် ပညာရေးမှူး ဦးထွန်းရီ ဦးဆောင်သည့် စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဝင် ကိုးဦးတို့က အကျဉ်းသားလူငယ်များ စာမေးပွဲဖြေဆိုနိုင်ရေးကို ကြီးကြပ် ဆောင်ရွက်ပေးကြသည်။

(ခရိုင် ပြန်/ဆက်)

မုဒုံမြို့နယ် မေတ္တာကာရီနာရေးကူညီမှု အသင်းအတွက် မေ ၉ရက်က မုဒုံမြို့နယ် အဲမွန်းဒယားရပ်ကွက် လူငယ်များစုပေါင်း လှူဒါန်းသော ငွေကျပ် ၁၁၄၀၀၀ကိုလှူဒါန်းရာ မေတ္တာကာရီ နာရေးကူညီမှုအသင်း အထွေထွေ အတွင်းရေးမှူး ဦးယုနိုင်က လက်ခံယူစဉ်။ (ဘိုးဘွားရိပ်သာ)

15-5 (16) 1 5/14/07, 1:12 PM

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်ဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ၏အဖွဲ့ပိုင် သုံးထပ်ကျောင်း(ဗုဒ္ဓဘာသာပညာရေး ဗိမာန်တော်ကြီး)အတွက် ရန်ကုန်မြို့နေ ကျောင်းအလှူရှင် ဦးတင်မောင်ယော-ဒေါ်သိန်းအိတို့အား ရည်စူး၍ ဦးသန်းထွဋ်နှင့်ဇနီး၊ ဦးအောင်မင်းနှင့်ဇနီး၊ ဒေါ်သင်းသင်းရီနှင့် ဦးမြင့်ဇော်မောင်နှမတစ်စုတို့က ကျောင်းအလှူတော်အဖြစ် အမေရိကန်ဒေါ်လာ ၂၀၀ လှူဒါန်းရာ အကျိုးတော်ဆောင် ဦးဓမ္မပါလ (ကျောင်းဘဏ္ဍာရေးမှူး)က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ဒုလ္လဘရဟန်းခံနှင့် သီလရှင်ဝတ်ပွဲကျင်းပ

စဉ့်ကူး မေ ၅

စဉ့်ကူးမြို့ မဟာဗောဓိရွှေကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တတေဇဝန္တ ဦးစီးပြီး အလှူရှင်တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ဒုလ္လဘရဟန်းခံပွဲနှင့် သီလရှင်ဝတ်ပွဲကို ဧပြီ ၁၃ရက်က အဆိုပါကျောင်းတိုက်တွင် ကျင်းပသည်။

စုပေါင်းဒုလ္လဘရဟန်းခံပွဲနှင့် သီလရှင်ဝတ်ပွဲတွင် အလှူရှင် ပဓာနနာယကဆရာတော်နှင့် ဆွမ်းအလှူရှင် မိသားစုတို့က ပင့်သံဃာတော်များနှင့် ဒုလ္လဘရဟန်း ၅၁ပါးတို့အား ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြရာ ဆရာတော်ဘဒ္ဒန္တကောသလ္လအရှင်မြတ်က အနုမောဒနာတရား ဟောကြားပြီး လှူဒါန်းမှုအစုစုကို ရေစက်သွန်းချ အမျှပေးဝေကြသည်။

(မြို့နယ် ပြန်/ဆက်)

ဦးငွေလှိုင်၊ဒေါ်အယ်နီ၊ ဒေါ်သိန်းနွဲ့၊ ညီမောင်ကျော်တင်၊ ညီမမခင်ခင်လှိုင်၊ ညီ မောင်အောင်လှိုင်ဦးတို့အား ရည်စူး၍ ရန်ကုန်တိုင်းကမာရွတ်မြို့နယ် စံရိပ်ငြိမ်(၃)လမ်း အမှတ်(၂၄)နေ ဦးတင်ထွန်း၊ ဦးကျော်သောင်း၊ဒေါ်ဖြူဖြူလှိုင် မောင်နှမတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့

ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကွဲတပ်ဆုံကျေးရွာအုပ်စုလုံးကျွတ် စာကြည့်တိုက်အဆောက်အအုံများဖွင့်

မိတ္ထီလာ မေ ၁၀

မန္တလေးတိုင်း မိတ္ထီလာခရိုင် သာစည်မြို့နယ် ကွဲတပ်ဆုံကျေးရွာအုပ်စုလုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံများ ဖွင့်ပွဲအခမ်းအနားကို မေ ၁ ရက်က အဆိုပါစာကြည့်တိုက်များ၌ ကျင်းပသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ကွဲတပ်ဆုံကျေးရွာအုပ်စု ဘုရားငါးဆူမြောက်ရွာ ဝိဇ္ဇာ စာကြည့်တိုက် အဆောက်အအုံကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းနှင့် သာစည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသည့် ဧည့်ပရိသတ်များနှင့်အတူ စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဘုရားငါးဆူတောင်ကျေးရွာ စိတ္တသုခ စာကြည့်တိုက် အဆောက်အအုံသစ်ကို တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းနှင့်သာစည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်လှစ်

ယင်းနောက် ကွဲတပ်ဆုံကျေးရွာအုပ်စု သူဌေးကုန်း ကျေးရွာ ဇောတိက စာကြည့်တိုက် အဆောက်အအုံသစ်ကို တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကွဲတပ်ဆုံကျေးရွာ သုခမိန် စာကြည့်တိုက် အဆောက်အအုံသစ်ကို တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးက သုတ၊ ရသ စာအုပ် ၁၀၀၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက သုတ၊ ရသ မဂ္ဂဇင်း၊ ဂျာနယ်အုပ် ၂၀၀၊ သာစည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက စာအုပ် ၁၅၀၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက စာအုပ် ၁၀၀၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း မန်နေဂျာက စာအုပ် ၅၀ကို ပေးအပ် လှူဒါန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးသန်းထွန်းက လက်ခံယူသည်။

(ခရိုင် ပြန်/ဆက်)

သံဖြူဇရပ်မြို့နယ်မှ သက်ပြည့်အငြိမ်းစားယူမည့် မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦးအား ဧပြီ၂၇ ရက်က ကျောင်းအကျိုးတော်ဆောင် ဦးမြတ်ကိုကိုက ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။

(မြို့နယ်ပညာရေး)

ကြက်မွေးမြူရေးအတွက် ဇီဝလုံခြုံမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ မြဝတီမြို့၌ကျင်းပ

မြဝတီ ဧပြီ ၃၀

ကရင်ပြည်နယ် မြဝတီခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကြက်မွေးမြူရေးအတွက် ဇီဝလုံခြုံမှုဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲအခမ်းအနားကို ဧပြီ ၆ရက်နံနက် ၉နာရီက မြဝတီမြို့သောင်ရင်းခန်းမတွင် ကျင်းပရာ မြဝတီခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှင်းလင်း

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွှန့်က တက်ရောက်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်ဇော်က ကြက်ငှက်တုပ်ကွေးရောဂါနှင့် ကာကွယ်တားဆီးမှုများ ရှင်းလင်းပြောကြား၍လည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူးဒေါက်တာစန်းမြင့်က သင်တန်းဖွင့်လှစ်ရသည့် အကြောင်းကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တက်ရောက်

အလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ကျေးရွာများမှ ဥက္ကဋ္ဌများ၊ ကြက်၊ဘဲမွေးမြူရေးသမားများ၊ ကြက်၊ ဘဲဝယ်သူများနှင့် စိတ်ဝင်စားသူများ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

နိုင်ငံသားကတ်ပြားပေးအပ်

ဇလွန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက ဇလွန်မြို့နယ် ကျုံခမွန်ကျေးရွာ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို မေ ၄ ရက်က ကျင်းပရာ ဟင်္သာတခရိုင် ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းက ပေးအပ်စဉ်။ (လူဝင်မှုကြီးကြပ်ရေး)

အောင်လံမြို့ (၁)လမ်း ကတ္တရာခင်းရန် ကျောက်ထုခြင်းနှင့်လမ်းခင်းရန် ပြင်ဆင်ခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်န ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ခင်တင့်ဆွေက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြု မီးသတ်စွမ်းရည် သရုပ်ပြသ

ကောလင်း မေ ၁၀

(၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ကောလင်း မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူး၍ မီးသတ်စွမ်းရည် သရုပ်ပြသပွဲကို မေ ၂ ရက်က ကောလင်းမြို့ မြောက်အင်းရပ် အခြေခံပညာမူလတန်းကျောင်းဝင်းတွင် ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဌေးမြင့်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ခြောက်ရပ်ကွက်မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ရပ်ကွက်အဖွဲ့ဝင်များတက်ရောက်ကြသည်။

စွမ်းရည်သရုပ်ပြသပွဲတွင် ရပ်ကွက်အရန် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နည်း စက်စွမ်းရည် ပြသခြင်းတို့ကို ဆောင်ရွက်ကြရာ မြို့နယ်ကောင်စီဥက္ကဋ္ဌ ဦးစိုးနိုင်၊ အတွင်းရေးမှူး ဦးဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။ **(ဝ၂၆)**

ဟိုပင်မြို့၌ယဉ်ကျေးမှုပန်းခင်းသင်တန်းဆင်း

ဟိုပင် မေ ၁

ကချင်ပြည်နယ် ဟိုပင်မြို့တွင် နွေရာသီ တတိယအကြိမ် ယဉ်ကျေးမှု ပန်းခင်းသင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ၇ရက် မွန်းလွဲ၁နာရီက ဟိုပင်မြို့ အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ပြီး ဟိုပင် မြို့ဦးကျောင်းဆရာတော် ဦးနာရဒထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်က နွေရာသီ ယဉ်ကျေးမှုပန်းခင်းသင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းမိန့်ကြားပြီး ဆုရကျောင်းသား ကျောင်းသူများ အား အလှူရှင် ဦးခိုင်ကိုလင်း မိသားစုနှင့် တာဝန်ရှိသူတို့က ဆုများ ပေးအပ် ချီးမြှင့်ကြသည်။

အခမ်းအနားသို့ ဟိုပင်မြို့ အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုနှင့် ဌာနဆိုင်ရာများ၊ ကျောင်းအုပ် ဆရာမကြီး ဒေါ်မာရွှယ်နှင့်ဆရာ ဆရာမများ၊သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

ဖွံ့ဖြိုးတိုးတက်လာသော စက်မှုဇုန်များက စက်ပစ္စည်းအမယ်သစ်များ ထပ်မံတိုးမြှင့်ထုတ်လုပ်

စက်အရန်ပစ္စည်းများ ပြည်တွင်း၌ တိုးမြှင့်ထုတ်လုပ်ပေးနိုင်သည်နှင့်အမျှ ဈေးကွက်ကျယ်ပြန့်

စက်မှုလုပ်ငန်းရှင်များနှင့် ပညာရှင်များ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုအကျိုးရှိအောင်မြင်

ရန်ကုန် မေ ၁၄

ပြန်ကြားရေးဝန်ကြီးဌာန စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ခင်းကျင်းပြသပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သတင်းစာတိုက်များမှ စာတည်းမှူးချုပ်များနှင့် စာတည်းမှူးများ၊ စက်မှုပညာရှင်များ၊ ကျွမ်းကျင်သူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ပြန်ကြားရေးဝန်ကြီးဌာန စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ခင်းကျင်းပြသပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပညာရှင်များနှင့် စက်မှုလုပ်ငန်းရှင်များ ခင်းကျင်းပြသထားသော စက်အရန်ပစ္စည်းများကို ကြည့်ရှုလေ့လာကြစဉ်။

(မြန်မာ့အလင်း)

မင်းကင်းမြို့၌ မိုးရေချိန် စံချိန်သစ်တင်

နေပြည်တော် မေ ၁၄

ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲတွင် မင်းကင်းမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၁၆၄ မီလီမီတာ (၆ ဒသမ ၄၆ လက်မ) သည် ယင်းမြို့၏လွန်ခဲ့သောနှစ်ပေါင်း ၂၃ နှစ်အတွင်း မေလအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန်စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ မီလီမီတာ ၁၆၀ (၆ ဒသမ ၃၀ လက်မ) ဖြစ်ပြီး မေ ၁၂ ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးနှင့် အားကစားအညွှန်း

အာဆီယံ ပဋိညာဉ်စာတမ်း၊ သို့မဟုတ် အာဆီယံစည်းလုံး ညီညွတ်မှုမဏ္ဍိုင်

အာဆီယံအသင်းကြီး စတင်ဖွဲ့စည်းကတည်းက ချမှတ်ခဲ့သော အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေး ဝင်မစွက်ရေးမူကို တိကျစွာကျင့်သုံးခဲ့၊ ယခုနှစ်ဆိုလျှင် အာဆီယံက အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်မစွက်ရေး အခြေခံမူကို ကျင့်သုံးမှု နှစ် (၄၀) ပြည့်မြောက်ပေတော့မည်။ အရှေ့တောင်အာရှဒေသသည် ဆီးတိုး၊ သို့မဟုတ် အမေရိကန်စစ်ရေး လွှမ်းမိုးခြယ်လှယ်မှုကို လက်မခံ၊ ဒေသတွင်း၌ အမေရိကန်စစ်စခန်းကြီးများ လက်မခံသောဒေသဖြစ်နေပေပြီ။

တက္ကသိုလ်မြတ်သူ၏ ဆောင်းပါး(စာ ၄ - ၅)

ပရီမီယာလိဂ်၌ စိတ်ဝင်စားစရာကောင်းလာမည့် ဆန်းဒါးလန်း

ပရီမီယာလိဂ်သို့ တန်းတက်လာသော ဆန်းဒါးလန်းအသင်းအား တာဝန်ယူခဲ့သော ရွိုင်ကိန်း တန်းတက်ခဲ့ပြီးနောက် ဤသို့ အောင်ပွဲခံခဲ့သည်။

ကမ္ဘာတစ်လွှားအားကစား(စာ - ၁၃)

ဆိုင်ကလုန်းမုန်တိုင်း မြောက်အရှေ့ယွန်းယွန်းသို့ ရွေ့လျား

နေပြည်တော် မေ ၁၄

ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော အကာ့ရ်အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းသည် မြောက်ဘက်သို့ ရွေ့လျားခဲ့ကာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းသို့ ရောက်ရှိပြီး စစ်တွေမြို့၏ အနောက်ဘက် မိုင် ၇၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် မြောက်အရှေ့ယွန်းယွန်းသို့ ရွေ့လျားပြီး ယနေ့ညနေပိုင်းမှ နောက် ၁၂ နာရီအတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောမြို့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့တို့ အကြားမှ ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း၏အရှိန်ကြောင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၈၀ မှ မိုင် ၁၀၀ အထိ တိုက်ခတ်နိုင်သည်။ မုန်တိုင်းဖြတ်ကျော်စဉ် မုန်တိုင်း၏အရှိန်ကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်း ကမ်းရိုးတန်းဒေသများတွင် မုန်တိုင်းဒီရေသည် လက်ရှိရေအမြင့်ထက် ၈ ပေမှ ၁၀ ပေခန့် ပိုမိုမြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။

(သတင်းစဉ်)